mgyoe.com SAMPLE BOOK



# အင်းဝတင့်

မေမြတ်လင်း (တိုင်ပင်ဖော်)

mgyoe.com

THAR NGE

mgyoe.com SAMPLE BOOK

လူတစ်ယောက်၏ သည်းခံနိုင်မှုစွမ်းရည်နှင့်
သနားစဖွယ်ကလေးငယ်တစ်ဦး၏
ကြောက်မက်ဖွယ်ကောင်းသည့် အမှုအကျင့်များမှာ
သူ၏အတွင်းအဇ္ဈတ္တတွင်ရှိနေသော
မျိုးရိုးဗီဇ၏ တွန်းအားကြောင့်ဖြစ်ပေါ်လာပုံကို
အသည်းတလှပ်လှပ်ဖြင့်
ခံစား ဖတ်ရှုကြရမည့်
ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။



Illustrated by mar na

ISBN 978-99971-46-83-0
9 789997 146830 >

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၁၆၀
စာအုပ်ဆိုဒ် – အလျား ၁၃.၇ × အနံ ၂၀.၈ စင်တီ။
စာအုပ်အမျိုးအစား – ရသ
မျက်နှာဖုံးဒီဇိုင်း – မာဏ
စာတည်း – မင်းသန့်ကို (မြန်မာစာ)
အတွင်းအပြင်အဆင် – စောမာလာ
ISBN - 978-99971-46-83-0
ထုတ်ဝေခြင်း – ပထမအကြိမ်၊ စက်တင်ဘာလ – ၂၀၂၃
အုပ်ရေ – ၁၀၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက စီစဉ်၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။


**တန်ဖိုး – ၅၀၀၀ ကျပ်**

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ့အမှာ

စာအုပ်ပါဇာတ်လမ်းဟာ ဖြစ်ရပ်မှန်ဖြစ်စဉ်တစ်ခုကို ချဲ့ကားခြင်းမရှိ၊ ပကတိအခြေအနေအတိုင်း ရေးသားထားတာဖြစ်ပါတယ်။

စာရေးသူဟာ ဥပဒေနဲ့ပတ်သက်တဲ့ သုတ၊ ရသတွေပါဝင်တဲ့ ဝတ္ထု၊ ဆောင်းပါးတွေကိုပဲ အဓိကထားရေးသားဖို့ ရည်ရွယ်ခဲ့ပေမဲ့လည်း မထင်မှတ်တဲ့ အခြေအနေတစ်ခုမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို အကြောင်းပြုပြီး ယခုဝတ္ထုဇာတ်လမ်းလေးကို ရေးသားလိုက်ရတာ ဖြစ်ပါတယ်။

ရေးသားရတဲ့ရည်ရွယ်ချက်မှာလည်း စာဖတ်သူတို့ လူမှုပတ်ဝန်းကျင်မှာ အနီးစပ်ဆုံး အိမ်တိုင်း၊ မိသားစုတိုင်းနီးပါး ကြုံတွေ့ခံစားရစေနိုင်တဲ့၊ ကုစားလို့ မရနိုင်တဲ့ ဆုံးရှုံးနစ်နာမှုတွေ ပေါ်ပေါက်လာခြင်းမရှိစေဖို့ သတိထားနိုင်မယ့် အချက်တွေကို စာဖတ်သူတွေ သိရှိကြစေဖို့အတွက် ဖော်ပြရေးသားထားပါတယ်။

စရိုက်ဆိုး၊ အင်းစတင့် (instinct) ဆိုတဲ့ ဗီဇဆိုးများရှိတဲ့ ကလေး တစ်ယောက်ကို ဘယ်လိုပဲ ပြုပြင် ပြောင်းလဲပေးပြီး ကောင်းမွန်တဲ့ ပတ်ဝန်းကျင်မှာ ရောက်ရှိနေစေကာမူ သူ့အတွက် အခွင့်အရေးပေးတာနဲ့ အချိန်မရွေး ဖောက်ပြန် တတ်တဲ့သဘောရှိတတ်တဲ့အကြောင်းနဲ့ ဘယ်လိုပဲသဘောထားကြီးပြီး အနစ်နာခံ စိတ်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်ပါစေ အဲဒီပုဂ္ဂိုလ်ရဲ့ အနစ်နာခံစိတ်ဟာလည်း အတိုင်းအတာ တစ်ခုအထိသာဖြစ်ကြောင်း အစရှိတဲ့ လူ့သဘောသဘာဝကို သရုပ်ဖော်ပြသ ပေးတဲ့ ဖြစ်ရပ်မှန်ဝတ္ထု ဖြစ်ပါတယ်။

ဒီဝတ္ထုထဲမှာပါတဲ့ ကလေးဇာတ်ကောင်မိမိုးအပေါ် စာရေးသူဘက်က အဲဒီကလေးရဲ့ဘဝလေးကို အကောင်းဆုံးတည်ဆောက်ပေးချင်ပေမဲ့လည်း ဘယ်လိုမှခွဲခေါ်တင်လို့မရတဲ့အဆုံး လွှတ်ချထားခဲ့ရတဲ့သဘောကို ခံစားမှုအပြည့်နဲ့ ရေးသားထားခြင်းဖြစ်ပါတယ်။

မေမြတ်လင်း (တိုင်ပင်ဖော်)

mgyoe.com

m g y o e . c o m

m g y o e . c o m

mgyoe.com SAMPLE BOOK

# အခန်း – ၁

သမီးနာမည်က 'မိုးမိုး'ပါ အများကတော့ 'မိမိုး'လို့ခေါ်ကြပါတယ်။ သမီး အသက်လား ဘယ်လောက်ရှိပြီလဲဆိုတာတော့ သမီးမသိပါဘူး။ သမီးက ကျောင်းမတက်ခဲ့ရလို့ စာမသင်ခဲ့ရတဲ့အတွက် စာလည်းမတတ်ပါဘူး။ သမီး အသက် ၁၄ နှစ်ထဲ ရောက်နေပြီလို့တော့ သမီးကို မွေးစားဖို့ဆိုပြီး ခေါ်လာတဲ့ (တီတီကြီး) ဒေါ်မေအောင်က သမီးရဲ့မွေးစာရင်းကိုကြည့်ပြီး ပြောပါတယ်။

ဒေါ်မေအောင်ဆိုတာ လုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး သူ့ကို သူ့တူတွေ တူမတွေက 'တီတီကြီး'လို့ခေါ်ကြတော့ သမီးတို့မောင်နှမတွေကလည်း သူ့တူတွေ၊ တူမတွေ ခေါ်ကြသလိုပဲ ဒေါ်မေအောင်ကို 'တီတီကြီး'လို့ပဲ ခေါ်ခဲ့ကြပါတယ်။ သမီးတို့မောင်နှမတွေကတော့ တီတီကြီးတို့ရဲ့ခြံကိုသွားတဲ့လမ်းဘေး ဆည်မြောင်း ချောင်းပေါင်ပေါ်မှာ နေကြရပါတယ်၊ သမီးတို့မှာ မောင်နှမလေးယောက်ရှိပါတယ်၊ သမီးကအကြီးဆုံးပါ။ သမီးရဲ့အောက်မှာ လေးတန်းတက်နေတဲ့ မေကဗျာ၊ နှစ်တန်းတက်နေတဲ့ လဝန်းဆိုတဲ့ ညီမနှစ်ယောက်နဲ့ KG တန်းတက်နေတဲ့ မောင်လေးဖိုးလုံးတို့ ရှိကြပါတယ်။ သမီးတို့မှာ အဖေမရှိတော့ပါဘူး။ သမီးရဲ့ အငယ်ဆုံးမောင်လေးကိုမမွေးခင် အမေကိုယ်ဝန်ကြီးနဲ့ကတည်းက အဖေက ဆုံးသွားပါတယ်။ အမေက မောင်လေးကို မွေးပြီးပါပြီဆိုကတည်းက သမီးကပဲ မောင်လေးကို ထိန်းကျောင်းလာခဲ့ရတာပါ။ သမီးအမေက မောင်လေးကို မွေးပြီး တဲ့နောက် သူများအိမ်တွေမှာ အိမ်အကူအလုပ်တွေလုပ်ပြီး ပိုက်ဆံရှာရပါတယ်။ အမေ မနက်ပိုင်းအလုပ်သွားရင် သမီးက ညီမလေးတွေ၊ မောင်လေးတွေ အကုန်လုံးကို ထိန်းကျောင်းရပါတယ်။ မောင်လေးကို နို့ဘူးတိုက်ပေးရတယ်၊ မောင်နှမတွေ စားဖို့သောက်ဖို့ သမီးပဲ ချက်ပြုတ်ရပြီး တစ်အိမ်လုံးအဝတ် တွေလည်း သမီးပဲ လျှော်ဖွပ်ရတာပါ။ တစ်အိမ်လုံး လုပ်စရာရှိတာတွေအကုန်

mgyoe.com

mgyoe.com
SAMPLE BOOK

သမီးတစ်ယောက်တည်း လုပ်ရတာပါ။ အမေက မနက်ပိုင်း အိမ်ကထွက်သွားပြီး မိုးချုပ်မှ အိမ်ကိုပြန်လာလေ့ရှိပါတယ်။ အမေပြန်လာရင် သမီးတို့အတွက် စားသောက်စရာတချို့နဲ့ နောက်နေ့အတွက် ချက်ပြုတ်ဖို့ လိုအပ်တာတွေ ဝယ်လာခဲ့ပါတယ်။ သမီးတို့အတွက် နောက်ရက်မှာ လိုအပ်တာဝယ်ဖို့ ပိုက်ဆံနည်းနည်းလည်း ပေးတတ်ပါတယ်။

ဒီလိုနဲ့ သမီးမောင်လေး စပြီး မှောက်လျက်သွားတတ်တဲ့အရွယ်လောက်မှာ အမေက မြို့ထဲမှာရှိနေတဲ့တီတီကြီးတို့ရဲ့အိမ်မှာ ထမင်းဟင်းချက်၊ အဝတ်လျှော်အလုပ်ကို စလုပ်ပါတယ်။ တီတီကြီးတို့အိမ်မှာ အမေ အလုပ်လုပ်ရတော့ သမီးတို့မောင်နှမတွေအတွက် ကံကောင်းခြင်းပဲ ဖြစ်ပါတယ်။ အမေပြန်လာရင် စားစရာတွေ၊ မုန့်တွေ၊ အဝတ်အစားတွေ အရင်ကထက် ပိုပြီးပါလာတတ်သလို တီတီကြီးတို့အိမ်က သဘောကောင်းကြောင်း၊ တီတီကြီးအမေအမေကြီးကလည်း သမီးအမေကိုချစ်ကြောင်း အမေက ပြောပြလို့သိရပါတယ်။ တီတီကြီးရဲ့ယောကျ်ား ဘဘကလည်း ဝန်ထမ်းလို့သိရပြီး သူ့အလုပ်တာဝန်ကျတဲ့နေရာဒေသမှာပဲ အနေများတယ်လို့သိရပါတယ်၊ တီတီကြီးကတော့ သူ့အလုပ်တွေအားမှသာ ဘဘနောက်ကို လိုက်သွားတတ်တယ်လို့ သိရပါတယ်။

ဒီလိုနဲ့ သမီးမောင်လေး လမ်းလျှောက်တဲ့အရွယ်လောက်မှာ သမီးအမေညနေပိုင်း အိမ်ပြန်လာရင် တခြားယောကျ်ားကြီးတစ်ယောက်က အမေ့စက်ဘီးနောက်ကနေ ဆိုင်ကယ်နဲ့လိုက်လာတတ်ပြီး အမေ့ကိုလိုက်ပို့တဲ့လူလို့ ပြောပါတယ်။ သူက အမေ့ရဲ့ရည်းစားလို့လည်း သိရပါတယ်။ နောက်တော့ အမေ့မှာ ထိုလူကြီးနဲ့ရတဲ့ကိုယ်ဝန်ဆိုပြီး အမေဗိုက်ကြီးလာတာ တွေ့ရပါတယ်။ နောက်ပိုင်းမှာ အဲ့လူကြီးက အမေ့ဆီမလာတော့ပါဘူး။ အမေ့ကိုမယူဘဲ ပစ်ထားခဲ့တယ်လို့ သိရပါတယ်။

တီတီကြီးတို့မိသားစုက သမီးအမေကို "သမီးတို့မောင်နှမတွေ၊ ကလေးတွေရှိလျက်နဲ့ ဒီကလေးတွေမျက်နှာတွေကိုမှမထောက် ဒီလောက်ထိဖြစ်ရသလား၊ ရူးရသလား"ဆိုပြီး ဆူကြ၊ ပြောကြကြောင်း သိရပါတယ်။ ဒါပေမဲ့လည်း မနေနိုင်တဲ့ တီတီကြီးတို့ကပဲ အဲ့ကလေးလေးကို မွေးဖို့၊ ဖွားဖို့ အမေ့ကို သားဖွား ဆရာမနဲ့ ဗိုက်အပ်ပေးပြန်ပါတယ်။ အဲဒီအချိန်က အမေ့ကို

mgyoe.com

mgyoe.com
SAMPLE BOOK

တီတီကြီးတို့က သူတို့အိမ်မှာ အလုပ်မခိုင်းတော့ပါဘူး။ အမေ့အတွက် လိုအပ်မယ် ထင်တာလေးတွေတော့ လာပေးကြပါတယ်။ အမေက အနေအထိုင်မဆင်ခြင်ဘဲ သူတို့မသိအောင် ရည်းစားထားလို့ အလုပ်ထုတ်လိုက်တာလို့ သိရပါတယ်။ နောက်မှ ထပ်သိရတာက သူတို့က အမေ့ကို ဆေးစစ်ပေးကြတော့ အမေ့မှာ HIV ပိုး ရှိနေတာတဲ့။ အဲဒီလို စစ်ဆေးလို့သိရတဲ့နောက်ပိုင်းမှာ အမေ့ကို အလုပ်မလာခိုင်းတော့တာလို့ သိရပါတယ်။ အမေ့မှာ ရောဂါရှိလို့တဲ့ အပြင်က သားဖွားဆရာမနဲ့ အိမ်မှာတင် မွေးလို့မရတော့ဘူးတဲ့လေ။ အဲဒါကြောင့် တီတီကြီးရဲ့ညီမဖြစ်တဲ့ တီလေးက သူ့ကားနဲ့တင်ခေါ်ပြီး ဗဟိုအမျိုးသမီးဆေးရုံကြီးကို လိုက်ပို့ပေးပါတယ်။ တီတီကြီးက လူတော့မလိုက်ဘူး။ ပိုက်ဆံပေးလိုက်ပါတယ်။ သမီးက အမေ့ကို ဆေးရုံလိုက်စောင့်ပေးရတယ်။ သူတို့မနေနိုင်ကြပါဘူး။ သမီးတို့ မောင်နှမတွေကို သနားလို့သာ အဲဒီလိုလုပ်ပေးကြတာဆိုပြီး ပြောတာ ကြားသိရပါတယ်။ ကလေးမွေးပြီးတော့လည်း အဲဒီကလေးလေးကို အမေက မွေးရုံသာ မွေးပြီး သမီးကပဲ ဆက်ထိန်းရပါတယ်။

သမီးတို့မှာ မောင်နှမ ငါးယောက်ဖြစ်သွားပါတယ်။ အမေကတော့ ထုံးစံအတိုင်းပဲ အပြင်ထွက်အလုပ်လုပ်ပါတယ်။ တီတီကြီးတို့ကတော့ အမေ့ရဲ့ အကျင့်စရိုက်ကို မကြိုက်လို့တဲ့ အမေ့ကို လုံးဝခေါ်မခိုင်းတော့ပါဘူး။ အဲဒီအချိန်မှာပဲ တီတီကြီးတို့မိသားစုက သူတို့ခြံထဲကတိုက်ကို အပြီးရွှေ့ပြောင်းလာနေကြပြီ ဖြစ်ပါတယ်။ တစ်နေ့မှာ သမီးတို့အိမ်ကို သမီးတို့နဲ့မသိတဲ့ မိန်းမကြီးတစ်ဦးနဲ့ ယောက်ျားကြီးတစ်ဦးတို့ အမေနဲ့အတူ ရောက်လာပါတယ်။ အမေခေါ်လာခဲ့တာပါ။ အဲဒီနေ့ကို သမီးမှတ်မိနေတယ်။ သမီးချီထားတဲ့ အမေမွေးထားတဲ့ ကလေး သေးသေးလေးကို သူတို့က သမီးလက်ထဲကနေ လွှဲပြောင်းယူလိုက်ကြတယ်။ အမေကတော့ ကလေးကိုမကြည့်ဘူး။ သူတို့ပေးတဲ့ပိုက်ဆံတွေကို ရေတွက်နေပါတယ်။ အမေက ကလေးလေးကို သူတို့ဆီ ပိုက်ဆံတစ်သိန်းနဲ့ ရောင်းစားလိုက်တာတဲ့။ သူတို့မှာ ကလေးမရှိလို့ အမေမွေးထားတဲ့ကလေးလေးကို မွေးစားဖို့ အမေ့ဆီကဝယ်ပြီး ယူသွားတာဖြစ်ကြောင်း အမေကပြောပြပါတယ်။ သမီး ငိုချင်ပေမဲ့ မငိုရဲခဲ့ပါဘူး။ အမေ့ကို ကြောက်ရတယ်လေ။ သမီးမှတ်မိတယ်၊ အဲဒီနေ့ညှ အမေက သမီးကို "နောက်ရက်အတွက် ကြည့်သုံးနော်" ဆိုပြီး ပိုက်ဆံ

mgyoe.com

mgyoe.com SAMPLE BOOK

သုံးထောင်ပေးခဲ့တယ်။ သမီးလည်း အမေပေးတဲ့ ပိုက်ဆံသုံးထောင်ကို လက်ထဲမှာ ကျစ်နေအောင်ကိုင်ထားရင်းကပဲ အိပ်ပျော်သွားခဲ့ပါတယ်။

သမီးပြောဖို့မေ့နေတယ်။ သမီးတို့နေတဲ့အိမ်ရဲ့ တောင်ဘက်မှာ သမီး အဖေရဲ့အမေ သမီးတို့အဘွားအိမ်ရှိပြီး သမီးတို့ကတော့ အဖေ့ရဲ့အမေကို 'ဘွားလေး'လို့ခေါ်ကြပါတယ်။ သမီးဘွားလေးကတော့ အမေထွက်မသွားခင်က အမေ့ကို အမြဲပြောတာကြားဖူးတယ်။ ''ငါ့သားနဲ့မွေးတဲ့ ငါ့မြေးလေးယောက်ကိုပဲ ငါ စောင့်ရှောက်နိုင်မယ်၊ နင့်ဟာနင် ရချင်တဲ့ကောင်နဲ့ရလာတဲ့ကလေးကို ငါ တာဝန်မယူနိုင်ဘူး၊ နင့်ဟာနင် ဘယ်လိုလုပ်လုပ်''ဆိုပြီး အမြဲပြောခဲ့တာ ကြားဖူး ခဲ့ပါတယ်။ နောက်ဆုံး အမေ သမီးတို့ကိုထားခဲ့ပြီး ထွက်သွားတော့ သမီးတို့ တစ်တွေကို ဘွားလေးတို့ကပဲ စောင့်ရှောက်ကျွေးမွေးထားခဲ့ပါတယ်။ အဖေ့ ဘက်ကအမျိုးတွေက ရွာထဲကအမျိုးတွေဖြစ်ပြီး ဆွေကြီးမျိုးကြီးများဖြစ်ကြပါတယ်၊ ရိုးသားကြတဲ့ တောသူ တောင်သားမိသားစု အမျိုးအဆက်တွေလို့လည်း သိရ ပါတယ်၊ သမီးအဖေကတော့ ရန်ကုန်ဘက်ကို ကားစပါယ်ယာအဖြစ် အလုပ်လိုက် သွားရင်း ကားကြီးသမားတွေနားတဲ့ထမင်းဆိုင်မှာ အလုပ်လုပ်တဲ့အမေနဲ့ ညားခဲ့ တာလို့ သိရပါတယ်။ အဖေက အမေနဲ့ယူပြီး သမီးကိုမွေးပြီးနောက် အမေနဲ့ သမီးကို သူ့ဇာတိ မိဘတွေရှိရာကို ပြန်ခေါ်လာတာကြောင့် အမေက ဒီကိုရောက် လာတာတဲ့။

သမီးအမေက လိမ်တတ် ညာတတ်တယ်လို့ ဘွားလေးက ပြောပါတယ်၊ သူလုပ်ချင်ရာကို ဖွတ်လုပ်တယ်၊ ဘွားလေးတို့စကားကိုလည်း နားမထောင်ဘူးလို့ ဘွားလေးကပြောသလို အဖေမသေခင်ကလည်းပြောတယ်။ သမီး မှတ်မိ သလောက်ပြောရရင် အဖေက အမေနဲ့ရန်ဖြစ်တိုင်း ''ဖာသည်မ၊ နင့်ကို ဘယ်ဘဝက ငါခေါ်လာတယ်ဆိုတာ နင်သိတယ်နော်၊ နင် ခုထိ မငြိမ်သေး ဘူးလား၊ နင့်အကျင့်ဆိုးတွေပြင်တော့''လို့ ပြောပြီး မကြာခဏ ပြောဆိုဆုံးမ ရိုက်နှက်ခဲ့တာတွေကို မြင်ခဲ့၊ တွေ့ခဲ့၊ ကြုံဖူးခဲ့ပါတယ်။ ဒီတော့ အမေကဘယ်သူ၊ ဘယ်ကဖြစ်တယ်၊ ဘာလုပ်ခဲ့တယ်ဆိုတာ သမီးမသိပေမဲ့ အဖေ့ပြောစကားတွေ အရတော့ ကားကြီးသမားတွေက ကားပေါ်ကိုလိုက်ပေးဖို့ မိန်းကလေးအဖော် ခေါ်ရင် သူ့ထမင်းဆိုင်ပိုင်ရှင်က အမေ့ကို ကားသမားတွေနဲ့ထည့်ပေးတတ်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK

အမေက ကားကြီးသမားတွေနဲ့ ကားပေါ်လိုက်ရတယ်လို့တော့ အဖေနဲ့အမေ ရန်ဖြစ်တဲ့အခါတိုင်း ပြောလို့ ငယ်ငယ်က ကြားခဲ့ဖူးတာပဲ။ အဲဒါကြောင့် သမီးကိုလည်း သမီးအကြီးဆုံးဖြစ်လို့ အမေနဲ့တစ်ပုံစံတည်းတူတယ်လို့ ပြောကြပါတယ်။ ဘွားလေးကဆို သမီးကို ''နင့်အမေလိုအချိုးမျိုး မချိုးနဲ့၊ နင့်အမေနဲ့ တစ်ချိုးတည်းပဲ၊ ဗီဇမကောင်းတဲ့ နင့်အမေသွေးတွေကျန်နေရင် အကုန်ဖောက်ထုတ်ပစ်မယ်။ ငါ လက်မခံဘူး၊ သတိထား''လို့ အမြဲတမ်း ကြိမ်းမောင်းပြောဆိုခဲ့တာ ခံရပါတယ်။ အဖေ့ရဲ့နှမတွေ၊ သမီးတို့ရဲ့အဒေါ်တွေကဆို သမီးကို ''နင်က ငါ့အစ်ကိုနဲ့ မွေးတာမဟုတ်ဘူး၊ နင့်အမေ ရချင်တဲ့သူနဲ့ရလာတာ၊ ငါ့တို့တူမ မဟုတ်ဘူး'' လို့လည်း ပြောကြပါတယ်။

ဒီလိုနဲ့ သမီးတို့ဟာ ဘွားလေးတို့ရဲ့ စောင့်ရှောက်မှုအောက်မှာ နေထိုင်ရပြီး သမီးအောက်က အငယ်တွေကတော့ ကျောင်းတက်ရပါတယ်၊ သမီးကတော့ အမေနဲ့နေစဉ်ကတည်းက ကျောင်းစာမသင်ခဲ့ရတော့ ကျောင်းမတက်ရပါဘူး။ အရင်လိုပဲ မောင်နှမတွေရဲ့ တာဝန်တွေကိုယူပြီး သူတို့ကျောင်းသွားဖို့ စားဖို့တွေ လုပ်ပေးရပြီး သူတို့အဝတ်တွေကို လျှော်ဖွတ်ပေးရပါတယ်။ သမီးတို့ကိုတော့ ပတ်ဝန်းကျင်ကလူတွေက သနားကြလို့ အမြင်မတော်တဲ့သူတွေက စားစရာတွေနဲ့ အဝတ်အစားကအစ ဝိုင်းပြီး ကျွေးကြ၊ ပေးကြပါတယ်၊ အဲဒီအချိန်မှာ တီတီကြီးက သူတို့ခြံထဲအိမ်ကနေပဲ အလုပ်ကိုသွားပါတော့တယ်။ သမီးတို့မှာ တီတီကြီးရဲ့ ကားကြီးဖြတ်သွားရင် မောင်နှမတွေက ''တီတီကြီးရေ တာ့တာ''လို့ ဝိုင်းအော် နှုတ်ဆက်ကြတယ်။ အငယ်ဆုံးမောင်လေး ဖိုးလုံးကဆို ပိုသတိထားပြီး အော်ပါတယ်။ သူ အဲလိုအော်ပြီး နှုတ်ဆက်လိုက်တဲ့နေ့ဆိုရင် သေချာပေါက် ညနေ တီတီကြီးအလုပ်ကပြန်လာရင် မုန့်တွေ၊ အချိုရည်တွေ ရပြီသာမှတ်။

တီတီကြီးက အချိုရည်ဆို လေးဘူး၊ မုန့်ဆို လေးထုပ် မောင်နှမလေးယောက် လူအစေ့ပေးတာကိုး။ သမီးတို့မှာ တီတီကြီးရဲ့ကားကြီးဖြတ်သွားချိန်ဟာ သမီးတို့ဘဝရဲ့ မျှော်လင့်ချက်တစ်ခုပါပဲ။ ကားကြီးကိုလည်း စီးချင်မိတယ်။ တစ်ခါတလေ ဆန်၊ ဆီနဲ့ ချက်ပြီးသားဟင်းတွေပေးသွားတတ်တယ်။ ဘာမှမပါရင် ချိုချဉ်ပေးတယ်။ ဘယ်သူ့အတွက်မှ မပါလို့ သူမေ့လာခဲ့ရင် မောင်လေး တစ်ယောက်စာ သူ့ကားထဲမှာရှိနေတာကို ရှာပြီးပေးသွားခဲ့သေးတာ၊ တစ်ခါတစ်ရံ

mgyoe.com

mgyoe.com SAMPLE BOOK

နာနတ်သီးတွေ ကားအပြည့်တင်လာရင် သူကိုယ်တိုင် ကားပေါ်ကဆင်းပြီး လေးငါးလုံး ဆွဲချပြီးပေးခဲ့တယ်။ နောက်ပြီးတော့ သူ့ခြံကြီးက အကျယ်ကြီးဖြစ်ပြီး ခြံစည်းရိုးက လုံအောင်ခတ်မထားပါဘူး။ သူ့ခြံထဲမှာလည်း မာလကာသီး၊ ငှက်ပျောသီးပင်တွေက အမြဲတမ်းသီးနေသလို တခြားရာသီပေါ် ခြံထွက်သီးနှံတွေအပြင် သရက်သီး၊ ငှက်ပျောသီးတွေလည်း ရှိပါတယ်။ ငှက်ပျောသီးဆို ငှက်ကလေးတွေ စားဖို့ ပင်မှည့်တွေထားထားတာ။ သမီးတို့ကလေးတွေက သူတို့သိအောင်တစ်မျိုး၊ မသိအောင်တစ်မျိုး ခိုးစားကြတယ်။ တစ်ခါတလေ အမေကြီးနဲ့တွေ့ရင်တော့ ငှက်ပျောသီးဆို ၂၀၀ ဖိုးဝယ်ကြတယ်။ ကွမ်းခြံမှာလည်း ကွမ်းရွက်တွေရှိတော့ သမီးတို့ လူကြီးတွေမသိအောင်ခိုးခူးကြတယ်။ သမီးတို့က အဲဒီလိုတွေလုပ်ရရင်ပျော်နေတာ။ သမီးတို့ခိုးလာတာတွေကို သမီးဘွားလေးနဲ့ သမီးအဒေါ်တွေသိရင်တော့ ရိုက်ပါတယ်။ သမီးတို့ကလည်း အိမ်ကလူကြီးတွေမသိအောင် ခိုးကြတာပါ။ တောထဲမှာ အဲလိုတွေလျှောက်သွားပြီး ဟိုခြံဝင်၊ ဒီအခင်းဝင်နဲ့ ခိုးခူးနေရရင် သမီးတို့ဘဝတွေက ပျော်နေကြတာပါပဲလေ။ ဒီလိုနဲ့ ကိုဗစ်ဆိုတဲ့ရောဂါတွေ ဖြစ်ပြီး လူကြီးတွေပြောစကားအရ တိုင်းပြည်နိုင်ငံရေးတွေ မတည်ငြိမ်တော့ သမီးတို့ရဲ့ ဘွားလေးမိသားစုတို့က စီးပွားရေးအဆင်မပြေကြတော့ပါဘူး။ ဒီမှာ ရှာဖွေရတာ ခက်ခဲလို့တဲ့ သမီးဘွားလေးနဲ့ ဘိုးလေးတို့က တခြားဒေသဘက်ကို ကျောက်တူးမိုင်းခွဲအလုပ်နဲ့ ခရီးထွက်သွားကြပါတယ်။ သူတို့ရဲ့ သမီးပျို ၃ ယောက် (သမီးတို့ရဲ့အဒေါ် အပျိုသုံးယောက်) ကိုလည်း သူတို့နဲ့အတူ ခေါ်သွားပါတယ်။ သမီးတို့ကို သမီးတို့ရဲ့ဦးလေးတော်တဲ့ (ဘွားလေးရဲ့ သားနဲ့ချွေးမ) လင်မယားတို့ ဆီမှာ အပ်ထားခဲ့ပါတယ်။

သမီးတို့မောင်နှမတွေက ဦးလေးရဲ့မိန်းမနဲ့ အတူနေကြရတယ်။ သမီးတို့လည်း သမီးတို့အိမ်ဘက်ကနေ ဘွားလေးတို့အိမ်ဘက်ကို ပြောင်းနေကြရတယ်။ ဘွားလေးက ဖုန်းလှမ်းဆက်တယ်။ ''တိုင်းရေးပြည်ရေးအခြေအနေတွေ မကောင်းလို့ လမ်းပန်းအခြေအနေအရ ပြန်လာလို့မရဘူး၊ ပြန်လာလို့ရတာနဲ့ ပြန်လာခဲ့မယ်။ သူပြန်လာရင် သမီးမောင်လေးနဲ့ညီမလေးတွေကို စာသင်ရအောင် (ဘက) မိဘမဲ့ကျောင်းကိုပို့တော့မယ်။ သမီးကိုတော့ ဦးလေးတို့လင်မယားနဲ့ပဲ ထားခဲ့မယ်''လို့ ပြောပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

သမီးတို့မောင်နှမတွေ ခွဲကြရတော့မယ်ဆိုတာ သမီးသိလိုက်တယ်။ အဲဒီအချိန်မှာပဲ ဦးလေးရဲ့မိန်းမက ဦးလေးနဲ့စိတ်ဆိုးပြီး သူ့မိဘတွေရဲ့အိမ်ကို သူ့ကလေးခေါ်ပြီး ဆင်းသွားတော့တယ်။ နောက်ရက်ပိုင်း သိပ်မကြာဘူး ဦးလေးပါ သူ့မိန်းမနောက်ကိုလိုက်သွားတော့ သမီးတို့ကလေးတွေပဲ အိမ်မှာကျန်နေခဲ့တော့တယ်။ လူကြီးတွေမရှိတာသိတော့ ဘွားလေးက မိုးကုတ်ကနေ အပြေးပြန်လာပြီး သမီးတို့မောင်နှမတွေအတွက်ကို စီစဉ်ပေးပါတယ်။ ဘွားလေးက သမီးကိုပြောတယ်။

''ကလေးတွေကို မိဘမဲ့ကျောင်းပို့မယ်။ (ဘက) ကျောင်းဆိုတော့ စာလည်းသင်ရမယ်။ ကလေးတွေကို သူ့အထုပ်နဲ့သူ ပြင်ထားပေးနော်၊ လိုတာတွေ အကုန်ထည့်ပေးထား။ ညည်းအတွက်ကိုတော့ ပြီးမှစဉ်းစားမယ်။ ကလေးတွေကို အရင်ပို့မယ်''လို့ပြောလို့ သမီးလည်း အငယ်တွေအတွက် အထုပ်တွေ ပြင်ဆင်ပေးထားရတယ်။ သူတို့ကို မိဘမဲ့ (ဘက) ကျောင်းကိုပို့တော့မှာမို့ ဘွားလေးက–

''သမီးတို့မောင်နှမတွေကို မခွဲချင်ပါဘူး၊ ပို့လည်းမပို့ချင်ပါဘူး။ ဒါပေမဲ့ ဘွားလေးတို့မှာ သမီးတို့ကိုမွေးဖို့ ဘယ်လိုမှ မတတ်နိုင်တော့လို့ ပို့ရတာပါလို့'' ပြောပါတယ်၊ နောက်ပြီး ဘိုးလေးဆိုတာက ဘွားလေးရဲ့ နောက်အိမ်ထောင်ဖြစ်ပြီး သမီးအဖေက ဘွားလေးရဲ့ ပထမအိမ်ထောင်နဲ့မွေးတဲ့သားဆိုတော့ သမီးတို့ကို ကျွေးမွေးထားတာကို ဘိုးလေးက ဆက်မကျွေးနိုင်တော့ဘူးလို့ သိရပါတယ်။ ဘိုးလေးက ဆက်မထားနိုင်တော့ဘူးဆိုတော့ ဘွားလေးနဲ့ စကားတွေများကြပြီး ခုလိုစီစဉ်ကြရတာဖြစ်တယ်လို့ သိရပါတယ်။ အဲဒါကြောင့် ဘွားလေးကလည်း သမီးတို့ကို လူစုခွဲပြီးပို့ရတာလို့ သိရပါတယ်။ ဒီလိုပို့မှသာ ကလေးတွေလည်း လုံခြုံတဲ့နေရာရောက်ပြီး စာတတ်မှာဖြစ်လို့ မဖြစ်မနေမို့လို့သာ ဘွားလေးက ပို့ရကြောင်း ပြောပြနေပါတယ်။

သမီးတို့နဲ့ ဘွားလေးစကားပြောနေတုန်း ထုံးစံအတိုင်းပဲ တီတီကြီးက အလုပ်အပြန် ဘွားလေးကိုမြင်တော့ ကားကရပ်သွားတယ်။ တီတီကြီးက ''ဘယ်အချိန်က ရောက်တာလဲ အစ်မ''လို့ ဘွားလေးကိုမေးတော့ ဘွားလေးက နေ့လယ်က ရောက်ကြောင်းနဲ့ သမီးတို့အတွက် လာစီမံပေးတာတွေကို ပြောပြနေပါတယ်။ ဘွားလေးစကားအဆုံး တီတီကြီးက ''အငယ်တွေကတော့ ဟုတ်ပါပြီ၊

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအကြီးမကြီးကို ဘယ်လိုစီစဉ်မှာလဲ''ဆိုပြီး သမီးကို မေးငေါ့ပြပြီးမေးတယ်။ ''သူ့အတွက်ကတော့ ထည့်မစဉ်းစားရသေးဘူး'' လို့ ဘွားလေးက ပြန်ပြောပါတယ်။ တီတီကြီးက ခဏစဉ်းစားနေတယ်။ နောက်ပြီး ''အေးဆေးမှ ဖုန်းဆက်လိုက်မယ်အစ်မ။ ကလေးတွေလည်း ခုချက်ချင်းတော့ မပို့သေးဘူးမဟုတ်လား''လို့ မေးတော့ ဘွားလေးက ''ကျောင်းကခေါ်တာနဲ့ပို့ရမှာ သန်ဘက်ခါလောက်ပေါ့''လို့ ပြန်ပြောပါတယ်။ နောက်နေ့နံနက်မှာ သမီးကို တီတီကြီးတို့က မွေးစားဖို့ခေါ်မယ်လို့ သိရပါတယ်။ တီတီကြီးအမေ အမေကြီးကတော့ သမီးကိုမလိုချင်ကြောင်း၊ သမီးက သမီးအမေနဲ့ အကျင့်တွေတူလို့ အကျင့်မကောင်းလို့ မမွေးနဲ့လို့ တားခဲ့ကြောင်း၊ သမီးကိုမွေးစားဖို့ သူသဘောမတူကြောင်း တားနေတဲ့ကြားကနေ တီတီကြီးက သမီးကိုသနားလို့ မွေးစားမှာလို့ပြောကြောင်း ကြားသိရပါတယ်။

ဒီလိုနဲ့ပဲ သမီးညီမတွေနဲ့ မောင်လေးကို မိဘမဲ့ (ဘက) ကျောင်းကို ပို့မယ့်နေ့ရက် ရောက်လာပါတော့တယ်။ သူတို့ကတော့ သွားရတော့မှာမို့ ပျော်နေကြတယ်။ သမီးကတော့ ဝမ်းနည်းနေမိတယ်။ သူတို့လိုအပ်မယ့် အဝတ်အစားတွေ အကုန် အစ်မကြီးပီပီ သေချာလျှော်ပြီး ခေါက်ထည့်ပေးထားတယ်။ ထည့်စရာကတော့ တစ်ယောက်ကို ကြွပ်ကြွပ်အိတ်တစ်လုံးစီပါပဲ။ သူတို့ကိုပို့မယ့်ကျောင်းကို သမီးပါလိုက်ရမယ်တဲ့။ အားလုံးပြင်ဆင်ပြီးတဲ့နောက် လာခေါ်မယ့်ကားကို စောင့်နေကြတယ်။ နေ့လယ်စာစားပြီးချိန်လောက်မှာ သမီးတို့အိမ်ရှေ့ကို သမီးတို့ မျှော်နေခဲ့ရတဲ့ တီတီကြီးရဲ့ကားကြီး လာရပ်တယ်။ ကားမှန်တွေချလိုက်တော့ ကားမောင်းတဲ့သူနေရာက တီတီကြီးမဟုတ်ဘူး။ တီတီကြီးရဲ့မောင်ဝမ်းကွဲ တစ်ယောက်ဖြစ်နေတာ တွေ့လိုက်ရတယ်။ သမီးတို့သွားရင် ကားငှားခကုန်မှာ စိုးလို့ သူ့ကားနဲ့ လိုက်ပို့ခိုင်းတာဖြစ်ကြောင်းလည်း သိလိုက်ရတယ်။ ကားမောင်းသူက သမီးတို့ကို ကားပေါ်တက်ခိုင်းပါတယ်။ ပစ္စည်းတွေအားလုံး ကားပေါ်တင်ကြတယ်။ ဘွားလေးက ကားရှေ့ခန်းကတက်ပြီး သမီးတို့မောင်နှမလေးယောက်နဲ့ သမီးအဒေါ်တစ်ယောက် ကားနောက်ခန်းမှာ တက်ထိုင်ကြပါတယ်။ သမီးတို့ဘဝမှာ အမြဲမျှော်လင့်ခဲ့ရတဲ့ စီးချင်နေတဲ့ တီတီကြီးရဲ့ကားကြီးကို ခုတော့ စီးရပါပြီ၊ ကားစီးရပေမဲ့လည်း သမီး မပျော်တော့ပါဘူး။ သမီးတို့စီးချင်နေတဲ့ကားကြီးကို

mgyoe.com

mgyoe.com SAMPLE BOOK

စီးရတဲ့နေ့ဟာ သမီးတို့မောင်နှမတွေ ခွဲခွာရမယ့်နေ့ ဖြစ်နေခဲ့တယ်။ ကားထဲမှာ အေးမြနေပေမဲ့ သမီးရင်ထဲမှာတော့ ပူနေပါတယ်။ မောင်နှမတွေ ခွဲရတော့မှာမို့လို့ပါ။

သမီးတို့ကို မြို့ထဲက ဘုန်းကြီးကျောင်းတစ်ကျောင်းကိုခေါ်လာတယ်။ သမီးတို့ရောက်သွားချိန်မှာ နေ့လယ်စာထမင်းစားပြီး စာသင်ချိန်မို့ စာသင်ခန်းတွေမှာ ကလေးတွေ စာသင်နေကြတာ တွေ့ရပါတယ်။ ကျောင်းထိုင်ဘုန်းကြီးလို့ထင်ရတဲ့ ဘုန်းဘုန်းတစ်ပါးရှေ့မှာ သမီးတို့ ဘွားလေးနဲ့အတူ ထိုင်ကြပါတယ်။ ဘွားလေးက ဘုန်းဘုန်းနဲ့ ပြောစရာရှိတာတွေ ပြောနေပြီး ခဏကြာတော့ ကလေးတွေကို ဆရာမတွေ လာခေါ်သွားပါတယ်။ ညီမလေးနှစ်ယောက်ကို အဆောင်တစ်ခုဘက်ကိုခေါ်သွားပြီး မောင်လေးကိုတော့ တခြားဆရာမတစ်ယောက်က တွဲခေါ်သွားခဲ့ပါတယ်။ သူတို့သွားရာ လမ်းအဆုံးထိ သမီးလိုက်ကြည့်နေမိပါတယ်။ သမီးရင်ထဲမှာ ငိုနေမိပါတယ်။ ခဏကြာတော့ သမီးတို့ ပြန်လာခဲ့ကြတယ်။ သမီးစိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ထက် သူတို့အတွက်ပဲ လိုအပ်တာတွေ ဖြည့်ပေးချင်နေမိတယ်။ ဒီလိုနဲ့ ဘွားလေး မိုးကုတ်ကိုမပြန်ခင်တော့ သမီးလည်း ဘွားလေးကိုအဖော်ပြုပြီး နေပေးနေရတယ်။ တီတီကြီးကတော့ သမီးကို ဘွားလေးပြန်မှ ခေါ်မယ်လို့သိရသလို သမီးကိုမွေးစားဖို့ သူတို့အိမ်က ဘယ်သူမှ သဘောမတူကြကြောင်းနဲ့ တီတီကြီးကို ပြန်မပြောရဲကြလို့သာ လက်ခံကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီလိုနဲ့ ဘွားလေး မနက်ဖြန်ပြန်တော့မယ်တဲ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၂

ဒေါ်မေအောင်က မိမိုးတို့မောင်နှမတွေအတွက် အမြဲတမ်း စိတ်မချ ဖြစ်နေတတ်သူလည်း ဖြစ်ပါတယ်။ မိမိုးတို့နေထိုင်ကြသည့်မှာလည်း လမ်းဘေး ဆည်မြောင်းချောင်းပေါင်ပေါ်မှာဖြစ်ပြီး အိမ်ကလေးက ခပ်သေးသေး တစ်ခန်း ပတ်လည်၊ ဒူးတစ်ထိုင်လွတ်မှာ ထရံကာ ကပ်မိုးထားပြီး တံခါးပိတ်လေးကိုတော့ အသေအချာ လုပ်ထားပါတယ်။ လုံလုံခြုံခြုံလေးဆိုပေမဲ့လည်း ထရံနဲ့ကပ်ပြီး ကာထားတဲ့တံခါးဆိုတော့ အတော်အတန်အင်အားရှိတဲ့လူတစ်ယောက်လောက်က တွန်းဖွင့်လိုက်ရင် အလွယ်တကူပဲ ပွင့်သွားနိုင်တယ်လေ။ ဒီတော့ ကလေးတွေ အိပ်မောကျနေတုန်း တစ်စုံတစ်ယောက်က တွန်းဖွင့်ဝင်သွားမှာကို သူ့မှာ အမြဲ စိုးရိမ်နေရတယ်။ မလှမ်းမကမ်းမှာ မိမိုးတို့အဘိုးအဘွားတွေ နေအိမ်ရှိတယ် ဆိုပေမဲ့ ကလေးတွေရဲ့အဘိုးအဘွားက အမြဲတမ်း အလုပ်သွားနေကြပြီး အဒေါ် တွေကလဲ အပျိုပေါက်စ အချောလေးတွေဆိုတော့ ရည်းစားကိုယ်စီနဲ့ အားရင် အိမ်မှာနေတယ်လို့ မရှိဘူး၊ အလှပြင်ပြီး ဆိုင်ကယ်ကိုယ်စီနဲ့ အပြင်ထွက်နေ ကြတာ။ ဒီကလေးတွေကို အမြင်မတော်တဲ့လူက ဝင်ပြောဆို ဆုံးမကြရင်လည်း သူတို့အဘွားနဲ့အဒေါ်တွေက သိပ်မကြိုက်ချင်ကြဘူး။ ဒီတော့ ပတ်ဝန်းကျင်ကလူ တွေက သနားလို့ ပေးစရာရှိတာပေး၊ ကျွေးစရာရှိရင်တော့ ကျွေးသွားကြပြီး ဆိုဆုံးမမှုကတော့ လုပ်လို့မရဘူးလို့ပဲ ပြောရပါလိမ့်မယ်။ ဒီတော့ အသွားအပြန် အမြင်မတော်ရင် ဒေါ်မေအောင်ကပဲ ကားရပ်ပြီး မနေနိုင် မထိုင်နိုင် ပြောဆိုနေ ရခြင်းဖြစ်ပါတယ်။

မိမိုးတို့အမေ မိခိုင်က ဒေါ်မေအောင်အိမ်မှာ အလုပ်လုပ်သွားခဲ့ဖူးတာက တစ်ကြောင်း၊ မိမိုးတို့ဖခင် မိခိုင်ယောကျ်ားကလည်း ယခင်ကတည်းက ဒေါ်မေအောင် တို့နဲ့ ခြံချင်းကပ်လျက် ဖြစ်နေခဲ့ဖူးတော့ သိနေခဲ့တာမို့ ဒေါ်မေအောင်မှာ မိမိုးတို့

mgyoe.com

mgyoe.com SAMPLE BOOK

မောင်နှမတွေကို အလိုလိုနေရင်း သံယောဇဉ်ဖြစ်နေရတာဖြစ်ပါတယ်။ ကောင်မလေး တွေက အရွယ်လေးတွေကရောက်လာကြပြီ မိမိုးက အကြီးဆိုပေမဲ့ ခန္ဓာကိုယ်က လိုနေတော့ အသက်ကြီးပုလို ဖြစ်နေပေမဲ့ သူ့အောက်က မေကဗျာနဲ့ လဝန်းတို့က အရပ်ရှည်ပြီးထွားတော့ အပျိုတွေလို ဖြစ်နေကြပြီလေ။ သူတို့ကို ဘယ်အချိန်၊ ဘယ်သူက စော်ကားသွားမလဲဆိုတာမျိုးဖြင့် ကြားရမှာကို စိုးရိမ်ပြီး စိတ်ပူနေရတာ မနက်နဲ့ညနေ အလုပ်အသွားအပြန်ဆို သူတို့နဲ့တွေ့ရင် ဒေါ်မေအောင်မှာ –

''ညီအစ်မတွေ တကွဲတပြားစီ ခွဲမနေကြနဲ့၊ အတူတူနေကြနော်။ ညဆို တံခါးကို သေချာပိတ်။ တစ်ယောက်တည်း ဘယ်မှမသွားကြနဲ့၊ ဘယ်သူက ခေါ်ခေါ် လိုက်မသွားကြနဲ့ ကြားလား'' စသဖြင့် တိုးတိုးတိတ်တိတ် အမြဲမှာရသလို သူတို့အိမ်ရှေ့က ရေချောင်းရဲ့ရှေ့ဘက်ကမ်းမှာရှိတဲ့ ဘကြီးလှတို့အိမ်မှာလည်း ဘကြီးလှရဲ့သားတွေ၊ သမက်တွေ ၄ ယောက်လောက်ရှိပြီး အကုန်လုံးကလည်း လူငယ်ယောကျာ်းပျိုတွေမို့လို့ စိတ်ပူရပြန်ရော။ ဟိုကကြားရင်တော့ မကောင်း ပါဘူး။ ဒေါ်မေအောင်မှာ အမြဲ မရိုးနိုင်အောင် မှာနေရတာက ''ယောကျာ်းတွေ ကြီးကြီးငယ်ငယ် ဘယ်သူကခေါ်ခေါ် ခေါ်ရင် လျှောက်မလိုက်နဲ့နော်။ သူတို့က သမီးတို့ကို သူတို့ပေါင်ပေါ်တက် ထိုင်ခိုင်းရင်လည်း မထိုင်ကြနဲ့၊ ကိုယ့်အသားကို ဘယ်သူ့မှအထိမခံနဲ့၊ အိမ်မှာ တစ်ယောက်တည်းအိပ်ပျော်မနေကြနဲ့၊ အရေး အကြောင်းရှိရင် တီတီကြီးတို့ခြံဘက်ကို ပြေးလာကြနော်'' စသဖြင့် မမော နိုင်အောင် မိမိုးတို့ညီအစ်မတွေကို သူတို့နားလည်လွယ်စေမယ့် စကားလုံးတွေနဲ့ ဒေါ်မေအောင် တွေ့တိုင်း အမြဲလိုလို အထပ်ထပ် တိုးတိုးတိတ်တိတ်မှာနေရတယ်။ ကလေးတွေအမေ မိခိုင်ကိုယ်ဝန်ရှိတုန်းကလည်း ''နင် ဘယ်အကောင်နဲ့ ဖြစ်လာ တာလဲ၊ နင်နဲ့ဖြစ်တဲ့ကောင်ကို လက်ထပ်ခိုင်းပါလားဟဲ့'' စသဖြင့် ပြောရဆိုရနဲ့ နောက်ဆုံး မိခိုင်နဲ့ဖြစ်တဲ့လူက မယူတော့ဘူးဆိုတော့ မနေနိုင်ပြန်ဘူး။ ''နင့်အကောင်နဲ့ ဘယ်မှာဖြစ်ခဲ့တာလဲဟဲ့''ဆိုပြီး မေးရမြန်းရပြန်တယ်။ မိခိုင်က စာမဖတ်တတ်ပါဘူး။ မန္တလေးကျုံးဘေးက တည်းခိုခန်းမှာ သူ့ကိုခေါ်တဲ့နောက် လိုက်သွားပြီး ၃/၄ ကြိမ် သွားအိပ်ကြသတဲ့။ ဒါနဲ့ ဒေါ်မေအောင်က တည်းခိုခန်း နာမည်ပြောဆိုတော့ ''တည်းခိုခန်းနာမည်မသိဘူး၊ မြင်ရင်တော့ မှတ်မိတယ်'' ဆိုပြီး မိခိုင်ကပြောပြန်တော့ ဒေါ်မေအောင် မနေနိုင်ဘူး။ တပည့်တွေကိုခေါ်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK

မိခိုင်ကို ကားပေါ်တင်၊ မန္တလေး ကျုံးဘေးပတ်လည် ကားတစ်ပတ်ပတ်မောင်းပြီး လိုက်ပြခိုင်းခဲ့ရသေးတယ်။ မအားတဲ့ကြားက အချိန်ပေးပြီး လိုက်ကြည့်ခဲ့တာပါ။ မိခိုင်နဲ့ဖြစ်တဲ့သူကို ဒေါ်မေအောင်က တရားစွဲပေးမလို့ပေါ့လေ။ နောက်တော့ သူ့လူ မိခိုင်ရဲ့အခြေအနေကိုက မဟုတ်မှန်း ရိပ်မိလို့ တရားမစွဲပေးတော့တာ။ လင်မရှိဘဲ ဗိုက်ကြီးရဲတဲ့ မိခိုင်ရဲ့အခြေအနေကိုလည်း အတော်စိတ်ပျက် စိတ်ညစ်သွားပုံရပါတယ်။

နောက်တော့လည်း မနေနိုင်ပြန်ဘူး။ မိခိုင်ဗိုက် မွေးဖွားနိုင်ဖို့ကို အရပ်သားဆရာမနဲ့ ဗိုက်အပ်ပေးပြန်တယ်။ မီးဖွားခါနီးမှာလည်း မိခိုင် အပြင်းအထန်ဖျားနေလို့ ဆေးရုံမှာဆေးစစ်ပေးလိုက်တော့မှ မိခိုင်မှာ HIV ပိုးရှိနေတာ သိလိုက်ရတော့တယ်။ ဒီတော့မှ ဒေါ်မေအောင်တို့မှာလည်း မိခိုင်ကို အိမ်မှာ အလုပ်ဆက်မခိုင်းရဲတော့သလို ကလေးကိုလည်း ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ မွေးဖို့ စီစဉ်ပေးရတော့တယ်။ မိခိုင်ဒုက္ခပေးခဲ့တာတွေကတော့များပါတယ်။ မိခိုင်က လူကသာ သူတို့ကွယ်ရာမှာအနေအထိုင်မတတ်တာ ဒေါ်မေအောင်တို့ အိမ်အလုပ်တွေကို အကောင်းဆုံးဖြစ်အောင် အလိုက်တသိလုပ်ပေးခဲ့တာဆိုတော့ သူတို့အိမ်အတွက် အလုပ်သမားကောင်းလိုဖြစ်နေခဲ့တာမို့ ခုချိန်ထိ နှယ်နေတဲ့သဘော ဖြစ်နေခြင်းပါ။ အခုအခြေအနေကတော့ မိခိုင်ဘယ်လောက်တော်တော် မိခိုင်ကို အလုပ်ဆက်ခိုင်းလို့ မဖြစ်တော့တဲ့အခြေအနေ ဖြစ်နေပြီလေ။ နောက် မိခိုင်မီးဖွားတဲ့ ကိစ္စကအစ အားလုံးကိုတာဝန်ယူပြီး ဒေါ်မေအောင်တို့က လုပ်ပေးခဲ့ကြပါတယ်။ ဆေးရုံမှာ ကလေးသွားမွေးတော့လည်း အကြီးဆုံးသမီးဖြစ်သူမိမိုးကပဲ လူကြီးလေး လုပ်ပြီး လူနာစောင့်ပေး၊ ဆေးရုံမှာလိုအပ်တာတွေ မိမိုးပဲလုပ်ပေးရတာပေါ့။ ဒေါ်မေအောင်တို့ကတော့ လိုအပ်တဲ့ငွေကြေးနဲ့ အပို့အကြိုတွေ တာဝန်ယူ၊ အာဟာရပြည့်မယ့် အစားအစာတွေ ပို့ပေးတာပေါ့လေ။ ဒီလိုနဲ့ မလိမ္မာသူမိခိုင်မှာ ကလေး ၅ ယောက်မိခင် ဖြစ်လာပါတော့တယ်။

ဆေးရုံကဆင်းပြီးနောက်ပိုင်းမှာ မိခိုင် တခြားအိမ်တစ်အိမ်မှာ အလုပ်ပြန်လုပ်ပါတယ်။ နောက် မကြာပါဘူး၊ မွေးထားတဲ့ကလေးလေးကိုလည်း သူများကိုရောင်းစားလိုက်တယ်။ သူရောင်းစားလိုက်တာ ဒေါ်မေအောင်တို့ သိတောင်မသိလိုက်ပါဘူး။ နောက်မှ မိခိုင်ထွက်သွားတာနဲ့အတူ သူ့ကလေးကိုပါ

mgyoe.com

mgyoe.com SAMPLE BOOK

သူများကို ရောင်းစားသွားကြောင်း မိမိုးတို့ကလေးတွေကနေတစ်ဆင့် သိလိုက်ရပါတော့တယ်။ ဒေါ်မေအောင် သိလိုက်တဲ့အချိန်မှာ မိနိုင် ဘယ်ကိုထွက်သွားတယ်ဆိုတာတောင် လိုက်စုံစမ်းလို့ မရတော့ပါဘူး။ အချိုးမပြေတဲ့ မိနိုင်အပေါ် သံယောဇဉ်နဲ့ မဆီမဆိုင် ဒီမိမိုးတို့ ကလေးတွေကိုလည်း စိတ်ပူပန်နေရခြင်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြားမှာ ကိုဗစ်ရောဂါတွေက အတော်ဆိုးလာတယ်၊ နိုင်ငံရေးအခြေအနေတွေကမကောင်းတော့ မိမိုးတို့ အဘိုးအဘွားတွေမှာလည်း သူတို့ဒေသအရပ်မှာ လုပ်ငန်းအခြေအနေတွေက မကောင်းတော့ဘူး။ ဒီတော့ မိမိုးတို့မောင်နှမတွေကို ဆက်ကျွေးမထားနိုင်တော့ဘူး၊ ထိန်းလည်း မထိန်းနိုင်တော့ဘူးတဲ့၊ သူတို့အဆင်ပြေမယ့် အဝေးနယ်မှာ သွားပြီးအလုပ်လုပ်ကြတော့မှာ ဖြစ်ပါတယ်။ ဒီတော့ မိမိုးတို့ အဘိုးနဲ့အဘွားအပါအဝင် တစ်အိမ်လုံး ခရီးထွက်အလုပ်လုပ်ကြတော့ မိမိုးတို့မှာ သူတို့ရဲ့ အိမ်ထောင်ခွဲဦးလေးလင်မယားနဲ့ နေခဲ့ကြရပြန်တယ်။

မိမိုးတို့အဘွားတွေ မရှိကြဘူးဆိုတာသိတော့ ပတ်ဝန်းကျင်က လူတွေကလည်း အမြင်မတော်တာကို ပြောကြ ဆိုကြ စောင့်ရှောက်ကြပါတယ်၊ စားစရာတွေ ပိုလျှံလာကြရင် မိမိုးတို့မောင်နှမတွေအတွက် ပါဆယ်ထုပ်ယူလာခဲ့ကြပြီသာမှတ်။ အတူနေ မိမိုးဦးလေးလင်မယားမှာလည်း စကားများရာကနေ ဦးလေး အမျိုးသမီးက သူ့မိဘတွေအိမ်ပြန်သွားတော့ သူတို့ဦးလေးပါ မိန်းမနောက်ပါသွားပြီး ချောင်းပေါင်လမ်းဘေးအိမ်မှာ မိမိုးတို့မောင်နှမတွေပဲ ကျန်ခဲ့ကြတော့တာပေါ့။ သူတို့ သွေးသားရင်းတွေကတော့မသိ၊ ဒေါ်မေအောင်မှာ တစ်နေ့တစ်နေ့ မိမိုးတို့ မောင်နှမတွေကို့ အသွားကြည့်၊ အပြန်ကြည့် အမြင်မတော်ရင် လှမ်းအော်၊ ပေးစရာရှိတာပေး၊ အရေးအကြောင်းရှိရင် သူ့ဆီပြေးလာကြဖို့ မှာပြော စသဖြင့် စိတ်မချနိုင်ဘဲ သူတို့မောင်နှမတွေအတွက် စိတ်သောကရောက်နေတတ်တယ်။ ခေတ်အခြေအနေအရ လမ်းပန်းဆက်သွယ်ရေးတွေကမကောင်းတော့ သူတို့ အဘွားက ပြန်လာလို့မရနဲ့ ဒီကလေးတွေကို မြင်နေရတာ ဒေါ်မေအောင်အတွက် နေ့စဉ် စိတ်ဆင်းရဲစရာတစ်ခုလို ဖြစ်နေတယ်။ အဲလိုဖြစ်နေတုန်း မိမိုးတို့အဘွားက ကလေးတွေကို (ဘက) ကျောင်းပို့တော့မယ်၊ မိမိုးတို့အဘွား ခဏပြန်လာပြီး စီစဉ်ပေးတော့မယ်လို့ သိလိုက်ရတော့မှ ဒေါ်မေအောင်မှာ စိတ်ထဲအေးသွားရ

mgyoe.com

mgyoe.com SAMPLE BOOK

တော့တယ်။ အခုတော့လည်း ကောင်းပါတယ်။ သူတို့အဘွားက (ဘက) ကျောင်းကိုပို့မယ်ဆိုတော့ လူကြီးတွေမရှိဘဲ လမ်းဘေးမှာ သူတို့ကလေးတွေပဲ နေကြမှာထက်စာရင် မိဘမဲ့ကျောင်းပို့တာက ပိုကောင်းပါတယ်လို့ ဒေါ်မေအောင် ဖြေတွေးလိုက်မိပါတယ်။ အငယ် ၃ ယောက်အတွက်ကတော့ထားပါတော့၊ အကြီးမကြီးက ဘယ်မှာထားမှာလဲဆိုတော့ မသေချာ မရေရာလှသေးတဲ့ သူ့အဘွားစကားကြောင့် ဒေါ်မေအောင်စိတ်ထဲ ဘဝင်တော့မကျချင်။

ဒီအရွယ်လေးဆိုတာ သူများအိမ်မှာထားဖို့ အတော်အန္တရာယ်များတယ်လို့ ဆိုရမယ်။ ပြီးတော့ မိမိုးက စာကမတတ်၊ မလည်မဝယ်နဲ့ မိမိုး ဒုက္ခရောက်မှာ စိုးရိမ်နေမိပါတယ်။ အလုပ်ကအပြန် သူ့အဘွားနဲ့ စကားပြောခဲ့ ပြီးတော့ စိတ်ထဲမှာ အကြီးမကြီး မိမိုးကို ဘယ်သူမှ မမွေးချင်ကြဘူး။ ဒေါ်မေအောင်မှာ သားသမီးမထွန်းကားတော့ မိခင်ကြီးကို အကျိုးအကြောင်းပြောပြမိတဲ့ အခါ ဒေါ်မေအောင်ရဲ့မိခင်ကြီးက ခါးခါးသီးသီးပဲ ငြင်းတော့တာပါပဲ။ “မိမိုးကို ငါလက်မခံချင်ဘူး၊ ဗီဇမကောင်းဘူးနော်။ မိမိုးအသက်က တဖြည်းဖြည်းကြီးလာမှာ၊ ငယ်သွားမှာ မဟုတ်ဘူး။ တစ်သက်လုံးမွေးဖို့ဆိုတာ အကျင့်ဗီဇ မကောင်းရင် ညည်းပဲ အရမ်းစိတ်ဆင်းရဲရမှာ၊ ငါတော့ သဘောမတူဘူးအေ။ ညည်းယောကျ်ားကရော သဘောတူမှာတဲ့လား။ နင့်သဘောနဲ့နင် လုပ်ချင်တာတွေ မလုပ်နဲ့၊ ယောကျ်ားကို အသိပေးတိုင်ပင်အုံး” စသဖြင့် ပြောပြီး ဒေါ်မေအောင်ကို ဆူပြောပြောကာ တားပါတော့တယ်။ သူ့မိခင်ကြီးတားနေတဲ့ ကြားကပဲ ဒေါ်မေအောင်က မိမိုးကို မွေးစားမယ်လို့ ဆုံးဖြတ်လိုက်ပြီး နောက်နေ့ နံနက်မှာ မိမိုးရဲ့အဘွားဆီ ချက်ချင်းအကြောင်းပြန်လိုက်တယ်။ “မိမိုးကို သူတို့ မွေးစားမယ်”လို့။

ဒီကိစ္စကို ဒေါ်မေအောင်က သူ့အမျိုးသားနဲ့တိုင်ပင်တော့ သူ့အမျိုးသားကလည်း “လောလောဆယ် မိမိုးအောက်ကအငယ်တွေကတော့ စာသင်ရအောင် သူတို့အဘွား စီစဉ်တာကောင်းပါတယ်။ နောက်အခြေအနေတွေ ငြိမ်သွားတဲ့အခါ အဆင်ပြေရင် သူတို့မောင်နှမတွေအကုန်လုံးကို မွေးစားကြတာပေါ့။ ငါတို့ အသက်ကြီးလာရင် လူက လိုမှာလေ။ တူတွေ၊ တူမတွေဆိုတာ ပညာတွေ တတ်လာကြရင် သူတို့လမ်း သူတို့လျှောက်ကြမှာ။ တို့နားမှာ အမြဲအနီးကပ်

mgyoe.com

mgyoe.com SAMPLE BOOK

နေပေးနိုင်မှာမဟုတ်ဘူး။ သူတို့မောင်နှမတွေကို မွေးစားထားတော့တို့လည်း အသက်ကြီးလာရင် သူတို့ကို အားကိုးလို့ရ၊ သူတို့လေးတွေရဲ့ဘဝတွေလည်း လှတာပေါ့ကွာ။ တို့မှာ သူတို့မဟုတ်လည်း သူများကို ပိုက်ဆံပေးနိုင်းနေရတာ မဟုတ်လား။ သူတို့မောင်နှမတွေကို နောက်နှစ်လောက်ကျရင် ခြံထဲက တိုက်နောက်ဖေးမှာ တန်းလျားအဆောက်အဦအရှည်ကြီးဆောက်ပြီး အတူတူ ခေါ်ထားကြတာပေါ့။ ဒါဆို သူတို့မောင်နှမလေးတွေလည်း အတူတူ ပြန်နေကြရမှာပဲ''လို့ ပြောလေတယ်။

ဒေါ်မေအောင်ထက်တောင် သူ့ယောက်ျားက ပိုပြီး လိုလိုချင်ချင် မွေးစားမယ်ဆိုလို့ ဒေါ်မေအောင်မှာ မိခင်ကြီးတားနေတဲ့ကြားကပဲ မိမိုးကို မွေးစားမယ်လို့ နိုင်နိုင်မာမာ ဆုံးဖြတ်ချက်ချလိုက်တာ ဖြစ်ပါတယ်။ မိမိုးလိမ္မာရင် မိမိုး တစ်သက် ကောင်းကောင်းမွန်မွန် နေသွားခွင့်ရတာပဲလို့လည်း တွေးမိပြီး သနားစိတ်နဲ့ ပြုပြင်ပေးချင်လို့ မွေးစားဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်။ ဒီကလေးတွေထဲမှာ မိမိုးက အကြီးဆုံးဆိုတော့ မိမိုးကို လိမ္မာအောင်၊ စာတတ်အောင်၊ လမ်းမှန်ရောက်အောင် သွန်သင်ပေးနိုင်ရင် ကျန်တဲ့အငယ်လေးတွေရဲ့ဘဝကိုလည်း မိမိုးက ကောင်းကောင်းဦးဆောင်နိုင်ရင်တော့ သူတို့ဘဝလေးတွေ အေးချမ်းပါတယ်ဆိုတဲ့ အတွေးတွေနဲ့ ဒေါ်မေအောင် စိတ်ကူးရှိသမျှ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆုံးဖြတ်ပြီးတာနဲ့တစ်ပြိုင်နက် မိမိုးကို သူ့အဘွားခရီးပြန်သွားတာနဲ့ တစ်ခါတည်း အိမ်ကိုခေါ်မယ်လို့ ပြောခဲ့လိုက်ပါတော့တယ်။

တကယ်တော့ ဒီကလေးတွေဟာ မိခင်က သူတို့ကိုပစ်သွားတော့ လူအများပတ်ဝန်းကျင်က ဝိုင်းသနားကြလို့ ကြုံတဲ့သူက ကြုံတဲ့နေရာက စားစရာတွေ၊ အဝတ်အထည်တွေ ယူလာကြပြီး သူတို့မောင်နှမတစ်စုနေတဲ့ အိမ်နားရောက်ရင် အကုန်ပေးကမ်းစွန့်ခဲ့ကြတာ။ သူတို့မှာ နေ့စဉ် ပေးမယ့်၊ ကျွေးမယ့်သူတွေ မပြတ်ပါဘူး။ ဒီလိုနဲ့ ဟိုလူကပေး၊ ဒီလူပေးနဲ့ ရလာတဲ့ပစ္စည်းလေးတွေကို မိမိုးက စုဆောင်းထိန်းသိမ်းထားပြီး သူတတ်သလောက်နဲ့ မောင်တွေ၊ ညီမတွေကို စိမ့်ကျွေးမွေးစောင့်ရှောက်နေတာ။ အခုတော့ သူတို့မောင်နှမတွေ လူစုကွဲသွားပေမဲ့ သူတို့အတွက် ပိုကောင်းတဲ့၊ လုံခြုံတဲ့ပတ်ဝန်းကျင်တွေကို

mgyoe.com

mgyoe.com
SAMPLE BOOK

ရောက်ကြမှာမို့ ''သူတို့ မောင်နှမတွေရဲ့ ဘ၀ရှေ့ရေးကောင်းဖို့ဆိုတော့ ဝမ်းသာရမှာပဲ''လို့ ပြောရမှာပါပဲလေ။

ဒေါ်မေအောင်မှာ အခုထိကို မိခိုင်ရဲ့အရှုပ်တွေ မပြီးနိုင်သေးဘူးလို့ပဲ တွေးနေမိပါတော့တယ်။ ရှေ့ဆက် ဒီကလေးတွေရဲ့ ဘ၀အရေးတွေကိုလည်း ထည့်စဉ်းစားရပေဦးမယ် မဟုတ်ပါလား။ မနက်ဖြန်မနက် မိမိုးအသွားပြန်တော့မယ်။ ခုညကတည်းက မိမိုးကို သွားခေါ်ထားဖို့ ဒေါ်မေအောင် ဆုံးဖြတ်လိုက်ပြီးတာနဲ့ သူ့ခြံထဲကနေ မိမိုးတို့အိမ်ဘက်ကို လမ်းလျှောက်ထွက်လာခဲ့ပါတော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၃

အခုညကတည်းက သမီးကို တီတီကြီးကလာခေါ်ပါတယ်။ တီတီကြီးက သူ့တူမတစ်ယောက်နဲ့အတူ သမီးတို့အိမ်ဘက်ကို လမ်းလျှောက်ပြီး ထွက်လာခဲ့ခြင်းပါ။ သမီးလည်း နေ့လယ်ကတည်းက သမီးမှာရှိတဲ့ အဝတ်အစားတွေကို အိတ်ထဲထည့်ထားပြီး သမီးသောက်နေကျ ရှမ်းပျို့မယ်သွေးဆေးဘူးပါထည့်ပြီး သူတို့ အိမ်ကိုလိုက်ဖို့ အသင့်ထိုင်စောင့်နေခဲ့ပါတယ်။ သမီးဘွားလေးနဲ့ တီတီကြီးတို့ စကားတွေ အများကြီးပြောနေကြပါတယ်။ သမီးကို ဒေါ်မေအောင် (တီတီကြီး)က အပြီးမွေးစားမယ်လို့လည်း ပြောသံတွေကြားနေရတယ်။ သမီးဖြင့် ပျော်လိုက်တာလေ။ သူ့မွေးစားသမီးဖြစ်တော့မှာမို့ပေါ့။ တီတီကြီးလာမခေါ်ခင် နေ့လယ်ကတည်းက သမီးကို ဘွားလေးက အကြိမ်ကြိမ်ဆုံးမနေပါတယ်။ တီတီကြီးတို့ရဲ့ ပစ္စည်းတွေကို သူတို့မသိဘဲမယူဖို့၊ မခိုးဖို့၊ လူတွေမသိအောင် ခိုးမလုပ်ဖို့၊ ခိုးယူမစားဖို့၊ မလိမ်ဖို့၊ မညာဖို့၊ မစစ်စုဖို့၊ ပတ်ဝန်းကျင်ကို အိမ်ထဲကအကြောင်းတွေ လျှောက်မပြောဖို့၊ မဟုတ်တဲ့စကားတွေမပြောဖို့ အဲလိုတွေ ခဏခဏ ဆုံးမပြောနေပါတော့တယ်။

ဘွားလေးရဲ့ပုံစံမှာ သမီးကို သူများအိမ်ထည့်လိုက်ရမှာမို့ သမီးက သူများအိမ်မှာ မဟုတ်တာတွေ လုပ်မှာကို အကြီးအကျယ် စိတ်ပူနေတဲ့ပုံစံမျိုးကို သမီးနားလည်နေပါတယ်။ သမီးနားမလည်တဲ့၊ နားမထောင်ချင်တဲ့ ဆုံးမစကားတွေကို သေသေချာချာ အထပ်ထပ်မှာနေတော့တယ်။ သမီးမှာ အဲလိုမကောင်းတဲ့ အကျင့်ဗီဇတွေရှိတယ်လို့လည်း ဘွားလေးက ခဏခဏပြောနေပါတယ်။ သမီးကတော့ ဘွားလေးပြောတဲ့ မကောင်းတဲ့အကျင့်စရိုက်တွေ သမီးမှာရှိနေတယ်၊ ပြင်ရမယ်ဆိုတဲ့စကားတွေဟာ သမီးဘဝအတွက် သိပ်အရေးကြီးလောက်တဲ့ ကိစ္စတွေလို့ မထင်ခဲ့ပါဘူး။ ပြုပြင်ဖို့လည်း စိတ်မကူးခဲ့ပါဘူး။ သမီးကို သမီးအမေလိုပဲ လုပ်ချင်ရာလုပ်သူ၊ ခေါင်းမာတဲ့သူလို့ ဘွားလေးက မကြာခဏ ဆူပူးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘွားလေးပြန်မလာခင်တုန်းက ဦးလေးတို့လင်မယား သမီးတို့ကို စောင့်ပေးနေတုန်းက ဦးလေးမိန်းမက သမီးကို သူ့ဝက်ကြီးကို ဝက်စာကျွေးခိုင်းပါတယ်။ အဲဒီအချိန်က အဒေါ်ဈေးဝယ်ထွက်သွားချိန်ဖြစ်ပါတယ်။ ဝက်စာကျွေးနေရင်း သမီးက ဝက်ကြီးရဲ့ခေါင်းကို ဓားချွန်နဲ့ ဒဏ်ရာရအောင် ၃ ချက်လောက်ထိုးပြီး တုတ်နဲ့နာနာရိုက်ထားလိုက်ပါတယ်။ ဝက်ကြီးက နာတော့ အစာမစားဘဲ အော်ဟစ်နေတယ်။ အဒေါ်ပြန်လာတဲ့အချိန်မှာ သူ့ဝက်ကြီးအော်နေတာကို ကြားတော့ လာကြည့်ပြီး ''ဒဏ်ရာတွေ ဘယ်သူလုပ်ထားတာလဲ၊ ဘယ်သူလုပ်သွားတာ မြင်သလဲ၊ မိမိုး နင်လုပ်တာလား''လို့ မေးပါတယ်။ သမီးလုပ်ခဲ့တာကို မောင်လေးဖိုးလုံးက မြင်ထားတော့ သိနေပါတယ်။ ဖိုးလုံးကို ''ပြန်မပြောရဘူး''လို့ သမီးကနှုတ်ပိတ်ထားပြီးဖြစ်လို့ ဖိုးလုံးမှာ သူပြန်ပြောရင် သမီးက သူ့ကို ရိုက်မှာ ကြောက်ပြီး ပြန်မပြောရဲပါဘူး။ အဒေါ်မေးတာကို သမီးက ခပ်တည်တည်နဲ့ ''ဟိုနေ့က ဆိတ်ကျောင်းလာတဲ့ကောင်လေး ဝင်လုပ်သွားတာ''လို့ လိမ်ပြောလိုက်ပြီး သူများကို အပစ်လွှဲချလိုက်ပါတယ်။ အဒေါ်က ''ဒဏ်ရာတွေက သွေးတောင်မတိတ်သေးဘူး၊ အခုမှရထားတဲ့ဒဏ်ရာတွေ''လို့ ပြန်ပြောတော့ သမီး မသိသလိုပဲ နေခဲ့ပါတယ်။ နောက်ရက် ဆိတ်ကျောင်းတဲ့ကောင်လေး ဖြတ်သွားတဲ့အခါ ဦးလေးက လှမ်းခေါ်ပြီး မေးလိုက်တော့ ''သူ မလုပ်ကြောင်း'' အဖြေပေါ်သွားတဲ့ နောက်ပိုင်း အဒေါ်တို့လည်း သူတို့မိဘတွေအိမ်ကို ပြောင်းရွှေ့သွားကြတာ ဖြစ်ပါတယ်။ အဲဒီဝက်ကိစ္စကို ဘွားလေးပြန်လာတော့ ဖိုးလုံးက ဘွားလေးကို တိုင်ပြောပါတယ်။ ဘွားလေးက သမီးကို ဆူပြီးရိုက်ပါတယ်။ ဘွားလေးက –

''နင် သောက်ကျင့်မကောင်းဘူး။ ကိုယ်လုပ်ထားပြီး သူများကို အပြစ်ပုံချတဲ့ကောင်မ။ နင့်ကို ဘယ်လိုဆုံးမမှ နင့်အကျင့်တွေပြင်မှာလဲ။ ဘာဖြစ်လို့ ဘာမှနားမလည်တဲ့ သတ္တဝါကို လုပ်ရတာလဲ၊ နင်တို့ဒဏ်တွေကို မခံနိုင်လို့ နင့်ဦးလေးတို့ထွက်ပြေးတာ။ နင့် ဒီအချိုးမျိုးနဲ့ သောက်ကျင့်မကောင်းရင် ဟိုအိမ်မှာ ငါသောက်ရှက်ကွဲတော့မှာ။ နင့်ကို သတ်ပစ်ဖို့ပဲ ကောင်းတော့တယ်။ ငါပြောနေတာ နင်ကြားလား'' စသဖြင့် ပါးစပ်က တောက်လျှောက်ဆူဆဲပြောဆိုနေပါတော့တယ်။ သမီးလည်း ဘွားလေးဆူပြောနေတုန်းတော့ ''ဟုတ် ဟုတ်''လို့

mgyoe.com

mgyoe.com
SAMPLE BOOK

ပြန်ပြောခဲ့ပါတယ်။ မပြောလို့လည်းမရဘူးလေ၊ သူပြောနေတာကို နားမထောင်ရင် ခေါင်းခေါက်ခံရမှာကိုး။ ဒီလိုပဲ အခုလည်း တစ်နေကုန် သမီးကို ဆုံးမစကားတွေ ပြောဆိုနေရင်းနဲ့ သမီးကိုထည့်လိုက်မယ့်အရေး တီတီကြီးကို ဘာတွေပြောဆိုနေတယ်ကိုတော့ သမီးမသိပါဘူး။ ဘွားလေးနဲ့တီတီကြီး စကားစပြတ်တော့ တီတီကြီးက ''ကဲ အစ်မ၊ ကျွန်မသွားတော့မယ်၊ မိမိုးအတွက် စိတ်ချလက်ချသာ ထားခဲ့ပေတော့။ အစစအရာရာ ကျွန်မတာဝန်ဖြစ်သွားပြီ''လို့ တီတီကြီးက ပြောပါတယ်။ အဘွားလေးက ''ကလေးတွေက သူတို့အမှားတစ်ခုလုပ်ပြီးရင် မလုပ်ဘူးလို့တော့ ညာပြောတတ်၊ ငြင်းတတ်တဲ့ ညာဉ်လေးတွေရှိတယ် မမကြီးရယ်။ ပြောပါ၊ ဆူပါ၊ ဆုံးမပေးပါ ကျွန်မ စိတ်မဆိုးပါဘူး''လို့ နောက်ဆုံးထပ်မှာနေလေရဲ့။

ဒီလိုနဲ့ အဲနေ့ညမှာပဲ တီတီကြီးရဲ့ခြံထဲကတိုက်ကို သမီးစတင်ရောက်လာခဲ့ပါတယ်။ သူတို့တိုက်ကြီး အကြီးကြီးမှာ အိပ်ခန်းတွေလည်း အများကြီးရှိတယ်။ မီးတွေလည်း ထိန်လင်းနေပါတယ်။ သမီးလည်း အတတ်နိုင်ဆုံးတော့ နေ့လယ်က သမီးရဲ့ခန္ဓာကိုယ်ကို ရေချိုးပြီး သန့်ရှင်းရေးတော့ လုပ်ထားခဲ့တာပါ။ သန့်ရှင်းရေးလုပ်ထားတယ်ဆိုပေမဲ့လည်း သူတို့တိုက်ပေါ်ကို တက်လိုက်တဲ့အချိန်မှာတော့ သမီးရဲ့ခြေထောက်တွေက ညစ်ပတ်မည်းပေနေပြီး ရွှံ့ဖွက်တွေကလည်း ပေပွနေပါတယ်။ သမီးအဝတ်အစားတွေကလည်း နံစော်နေပြီး အဝတ်ထည့်ထားတဲ့ အိတ်တွေကလည်း စုတ်ပြတ်နေပါတယ်။ တီတီကြီးရဲ့တူမတွေနဲ့ယှဉ်ရင် သူတို့က သန့်ရှင်းသပ်ရပ်နေပြီး မွှေးကြိုင်နေကြတော့ သမီးရဲ့ပုံစံနဲ့ သူတို့ကမတူဘဲ တခြားစီဖြစ်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့လည်း သမီး ခပ်တည်တည်ပဲ၊ ငါနေရမယ့် တိုက်ကြီးပဲ၊ ဘယ်သူ့ကိုမှ ငါကြောက်စရာမလိုဘူးလို့ အားတင်းထားလိုက်ပါတယ်။

တိုက်ထဲရောက်တာနဲ့ တီတီကြီးက သမီးကို ပထမဆုံး သူ့အမေ အမေကြီးရဲ့အခန်းထဲကို ခေါ်သွားပါတယ်။ တီတီကြီးက ''မေကြီးရေ၊ မိုးမိုး ရောက်လာပါပြီ၊ အမေကြီးကို ရောက်ကြောင်းသတင်းပို့ပါတယ်ရှင်''ဆိုပြီး သမီးကို အမေကြီးအခန်းထဲသွင်းပြီး အမေကြီးရဲ့ရှေ့ရပ်စေပါတယ်။ အမေကြီးက သူ့ရှေ့မှာ လာရပ်နေတဲ့သမီးကို သူ့မျက်လုံးကြီးတွေနဲ့ ခြေဆုံး ခေါင်းဆုံး သေချာကြည့်နေတယ်။ ပြီးတော့ပြောတယ်။ ''မိမိုး ကြည့်စမ်း၊ နင့်တစ်ကိုယ်လုံး ညစ်ပတ်နံစော်

mgyoe.com

mgyoe.com SAMPLE BOOK

နေတာပဲ။ ငါ နင့်ကိုရွံတယ်၊ နင် ငါ့အခန်းထဲ ဝင်မလာနဲ့၊ ငါ့လည်း ထမင်းရှူး မကျွေးနဲ့၊ နင့်လက်နဲ့ကိုင်တဲ့ပစ္စည်း ငါမသုံးဘူး။ ရုပ်ကလည်း နင့်အမေ မိခိုင်နဲ့ တစ်ရုပ်တည်း။ နင့်အမေကို ငါမုန်းတယ်၊ နင့်ကိုလည်းမုန်းတယ် သိလား''လို့ ပြောကာ မောသွားတယ်ထင်တယ် ခဏနားပြီး နောက်ဆက်ပြောတာက ''နင့် ဆံပင်ကြီးကလည်း အရှည်ကြီး၊ လက်သည်းတွေကလည်း ရှည်နေတယ်။ ညစ်ပတ်စုတ်ပြတ်နေတာ၊ နင့်ကို တစ်ခန်းသီးသန့်မပေးနိုင်ဘူး၊ ငါသဘောမတူဘဲ ခေါ်လာတာ။ နင့်ကို ဘယ်သူမှ မလိုဘူး၊ နင့်တီတီကြီးတစ်ဦးပဲ နင့်ကိုလိုတာ။ သူခိုင်းတာပဲ လုပ်ပေး၊ ငါ့ ဘာမှ လာလုပ်မပေးနဲ့ သွားတော့သွား။ နင့်မျက်နှာကို ငါမမြင်ချင်ဘူး၊ ငါ့ရှေ့ကို နင် လာကိုမလာခဲ့နဲ့၊ နင်တို့တစ်တွေကို ငါမချစ်ဘူး၊ မုန်းလိုက်တာ''လို့ ပြောဆိုကာ အော်လွှတ်ခဲ့ပါတယ်။

အမေကြီးဘယ်လောက်ပြောပြော သမီးဘက်မှာ တီတီကြီးတို့ရှိနေတာ သေချာတာမို့ သမီး အံကြိတ်ပြီး နားထောင်နေလိုက်ပါတယ်။ ပြီးနောက် သမီးလည်း အမေကြီးကိုနှုတ်ဆက်ပြီး သူ့အခန်းကနေ ပြန်ထွက်ဖို့လုပ်နေတုန်း အမေကြီးရဲ့ အခန်းဝမှာရပ်နေတဲ့ တီတီကြီးက အမူအရာပြပြီး ခေါ်လိုက်လို့ တီတီကြီးခေါ်တဲ့နောက်ကို လိုက်ခဲ့ပါတော့တယ်။ သမီးကို ဘယ်ခေါ်သွားလဲ ဆိုတော့ သူ့သီးသန့်အခန်းထဲခေါ်သွားတာပါ။ တီတီကြီးအခန်းက အကျယ်ကြီးပါ။ သူ့အခန်းတစ်ခန်းတည်းကိုက သမီးတို့ရွာလေးတို့ရဲ့ အိမ်တစ်အိမ်စာထက်မက ကျယ်ပါတယ်။ သူ့အခန်းထဲမှာ ရေချိုးခန်း၊ အိမ်သာ အကုန်ရှိပါတယ်။ သမီး ဒီအခန်းထဲကို ခုမှရောက်ဖူးတာပါပဲ။ အခန်းထဲဝင်လိုက်တာနှင့် မွှေးထွေးတဲ့ရနံ့ တစ်ခုရတယ်လို့ သမီး ခံစားမိပါတယ်။ ခုနက အမေကြီးရဲ့အခန်းကို ဝင်ရတဲ့ ခံစားမှုမျိုးနဲ့မတူပါဘူး။ အိမ်သားတွေ ဘယ်သူမှ သူ့အခန်းထဲဝင်ပြီး ဒီအခန်းထဲမှာ ရေမချိုးကြ၊ အိမ်သာ မတက်ကြပါ။ သူတစ်ယောက်တည်း အသုံးပြုတဲ့အခန်း ဖြစ်တယ်လို့ သိရပါတယ်။ သမီးကို အများသုံးရေချိုးခန်းမှာ ခြေလက်သွားဆေးခိုင်း ပြီးတော့ အဝတ်အစားတွေ လဲခိုင်းပါတယ်။ ပြီးတော့ ညစာထမင်းကျွေးပါတယ်။ ထမင်းစားတော့ ကြွေပန်းကန်ပြားနဲ့ စားပွဲခုံမှာ ထိုင်ပြီး စားရတာပါ။

သမီးတို့အိမ်မှာဆို ဇလုံထဲမှာ ထမင်းတွေအများကြီးထည့်၊ ဟင်းတွေပုံပြီး မြေပြင်မှာ ထိုင်စားကြရတာပါ။ သမီးက မစားချင်တာတွေကို သီးသန့်မထားဘဲ

mgyoe.com

mgyoe.com
SAMPLE BOOK

စားပွဲအောက်ကိုပစ်ချတော့ တီတီကြီးက ''အဲလို အောက်ကိုပစ်မချရဘူး။ မစားချင်တာတွေ ဘေးမှာပုံထား''ဆိုပြီး ဆုံးမပါတယ်။ သမီးတို့မောင်နှမတွေကတော့ မြေပြင်မှာထိုင်စားကြတာဆိုတော့ မကြိုက်တဲ့ဟင်းတွေပါလာရင် မြေပြင်ပေါ်လွှင့်ပစ်လိုက်တာပါပဲ။ အဲဒီလိုလွှတ်ပစ်လို့ သမီးတို့ကို ဆူမယ့်ပြောမယ့်သူလည်း မရှိဘူးလေ။ သမီးရဲ့အပြုအမူကိုမြင်တော့ ''အများကြီး ပြုပြင်သင်ပြပေးရအုံးမှာပါလား''လို့ တီတီကြီးရဲ့ညည်းတွားပြောဆိုသံကို ကြားလိုက်ရပါတယ်။ သမီးအိပ်ဖို့ သူ့အခန်းကျယ်ကြီးထဲမှာပဲ သမီးအတွက် သီးသန့်ကန့်ထားတဲ့ အခန်းငယ်လေးထဲမှာ နေရာချပေးတယ်။ ဒီအခန်းကျဉ်းလေးကပဲ သမီးတို့မောင်နှမတွေနေတဲ့ အိမ်လေးလောက်တော့ ရှိပါတယ်။ မအိပ်ခင် ဘုရားကန်တော့ခိုင်းတယ်။ ဘုရားကန်တော့တာကိုကြည့်ပြီး ''ငါ့သမီးရယ်၊ ညည်းဟာက ဘုရားကန်တော့တာတောင် အဆင်မပြေပါလားအေ၊ ညည်းကို မသင်ပေးခဲ့ကြဘူးလားအေ''လို့ ပြောပါတယ်။ ''ဟင်း'' လို့ သက်ပြင်းချပြီး ''ကဲ ကဲ အိပ်တော့''လို့ ပြောပါတယ်။ ဒေါ်မေအောင်ဆီက သက်ပြင်းချသံအကျယ်ကြီး ထပ်ကြားလိုက်ရပြန်ပါတယ်။ အခန်းကျယ်ကြီးထဲမှာ အဲယားကွန်းလည်းဖွင့်ထားပါတယ်၊ သမီးဘဝမှာ အပြောင်းအလဲကြီးတစ်ခုကို စပြီးကြုံတွေ့ရတာပါပဲ။ အဲဒီလို တိတ်ဆိတ်ပြီး လုံလုံခြုံခြုံလည်း တစ်ခါမှမအိပ်ခဲ့ဖူးဘူးလေ။ သမီးတို့အိမ်မှာဆို ညအိပ်ချိန် လမ်းဘေးကဖြတ်သွားကြတဲ့ ကားသံ၊ ဆိုင်ကယ်သံ၊ လူသံတွေ အမြဲကြားနေရတာပါ။ ညအချိန်မတော်ဘယ်သူဝင်လာမှာလဲဆိုပြီးလည်း သမီးက အကြီးဖြစ်နေတော့ စိတ်ပူနေရတာ။ ခုတော့ တိတ်ဆိတ်ပြီးအေးမြနေတာမို့ သမီး ကျေကျေနပ်နပ်အိပ်ပျော်ဖို့ ကြိုးစားပါတော့တယ်။

အိမ်မှာအိပ်ရတုန်းက ညညဆို ဖိုးလုံးကထငိုရင် သူ့ကိုချော့ရတာတစ်မျိုး၊ မေကဗျာက ရှူးပေါက်ဆင်းသွားရင် စိတ်မချလို့ လိုက်သွားရတာကတစ်မျိုး၊ လဝန်းက ညကြီး ဝမ်းလျှောဗိုက်နာရင် ဆေးထတိုက်ရတာက တစ်မျိုးနဲ့ သမီးမှာ ကောင်းကောင်းမွန်မွန်အိပ်ရတယ်လို့ မရှိခဲ့ပါဘူး။ ခုတော့လည်း သူတို့တာဝန်တွေ မရှိတော့ပါဘူး။ သမီးအတွက်သက်သာပေမဲ့ သမီး သူတို့ကိုလွမ်းနေမိပါတယ်။ သမီး ခုလိုနေရသလိုမျိုး သူတို့ကိုပါ နေစေချင်၊ စားစေချင်နေမိပါတယ်။ တီတီကြီးကတော့ ''သမီးလိမ္မာရင် သမီးရဲ့မောင်လေးနဲ့ ညီမလေးတွေကိုလည်း

mgyoe.com

mgyoe.com SAMPLE BOOK

သမီးနဲ့အတူတူခေါ်ထားပေးမယ်၊ သူတို့ကိုလည်း ကျောင်းထားပေးမယ်''လို့ ပြောထားပါတယ်။ သမီး အိပ်ရာထဲလှဲနေတုန်း တီတီကြီးက သူ့ညီမအငယ်ဆီ ဖုန်းခေါ်သံကြားရတယ်။

''မနက် ၈ နာရီလောက် အရောက်လာခဲ့၊ မိမိုးကိုလာခေါ်ပြီး ဆံပင်သွားညှပ်ပေးအုံး၊ လိုအပ်တာတွေ ဝယ်ပေးအုံး''လို့ပြောသံကြားရတယ်။ နောက်နေ့မနက်မှာ တီတီကြီးညီမ တီတီလေးက သမီးကိုအပြင်ခေါ်သွားပြီး ဆံပင်ဆိုင်မှာ သမီးဆံပင်ရှည်ကြီးကို ဘိုကေအတိုလေး ညှပ်ပေးပါတယ်။ သမီးရဲ့ဆံပင်တွေက နံစော်နေပြီး သန်းတွေ၊ သန်းဥတွေနဲ့ ညစ်ပတ်နေတာပဲလို့ ပြောကြပါတယ်။ သမီးရဲ့ဆံပင်တွေထဲကို သန်းသေတဲ့ဆေးတွေ ထည့်ပေးပါတယ်။ အိမ်ပြန်ရောက်တော့ သမီးရဲ့ ခြေသည်းလက်သည်းတွေကလည်း ရှည်နေပြီး ကြေးတွေနဲ့မို့ ညှပ်ခိုင်းလို့ ညှပ်ပစ်ရပါသေးတယ်၊ သမီးရဲ့ အသားအရည်တွေကလည်း ရေချိုးရင် ဆပ်ပြာမတိုက်ဘဲ ချောင်းရေထဲ အမြဲဆင်းချိုးထားတော့ မည်းညစ်ချွဲပျစ်နေပြီး ခန္ဓာကိုယ်ကလည်း နံစော်နေပါတယ်။ ''တော်တော်လေးကို အနံ့ဆိုးတယ်''လို့ တီတီကြီးတို့အိမ်က မိသားစုက ပြောကြပါတယ်။ အားလုံးညှပ်ပြီးတော့ အပြင်က ရေကန်ကြီးမှာ သမီးကို ခေါင်းကနေရေလောင်း ဆပ်ပြာတွေ တစ်ကိုယ်လုံးတိုက်၊ ခေါင်းလျှော်ရည်တွေနဲ့ ခေါင်းလျှော်ပေးပြီး တစ်ကိုယ်လုံးကို သန့်ရှင်းရေးလုပ် ရေချိုးပေးကြပါတော့တယ်။ သမီးခန္ဓာကိုယ်က ကြေးတွေမည်းနေအောင်ထွက်လို့ ဆပ်ပြာကို နှစ်ကြိမ်ထပ်တိုက်ရပါတယ်။ ''သမီး ညစ်ပတ်နံစော်နေရင် သူတို့နဲ့ နေလို့မရဘူး''ဆိုပြီး ဝိုင်းလုပ်ပေးကြတာပါ။ သမီးအိမ်မှာနေတုန်းက သမီးက ညီမလေး၊ မောင်လေးတွေကို လုပ်ပေးရပေမဲ့ အခု သမီးကို သူတို့အိမ်ကလူတွေ ဝိုင်းပြီး သန့်ရှင်းအောင်လုပ်ပေးကြပါတယ်။ ရေချိုးပြီးတော့ သမီး အတော်လေး သန့်ရှင်းသွားပါတော့တယ်။ အဲဒီညမှာလည်း အဲကွန်းခန်းထဲမှာအိပ်ရတော့ နောက်နေ့မနက်မှာ သမီး စပြီးဖျားပါတော့တယ်။ သက်သက်သာသာနေရတော့မှ ဖျားတော့တာပါ။ အစကတည်းကမှ သမီးကို အမြင်မကြည်တဲ့အမေကြီးက သမီးကို တီတီကြီးအခန်းထဲကနေ အပြင်ကို လုံးဝထွက်မလာခဲ့ဖို့ ပြင်းပြင်းထန်ထန် ပြောထားပါတယ်။ ကိုဗစ်ဒုတိယလှိုင်းတွေ ဖြစ်ထားပြီးစအချိန်မို့ သူ့မြေးတွေဆီ ကူးမှာစိုးလို့ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ခါတလေ တီတီကြီးရဲ့တူလေးတွေ အလည်လာကြရင် သမီးရှိနေတဲ့ သူ့အဒေါ်အခန်းထဲဝင်လာပြီး တီတီကြီးရဲ့ ဖုန်းအပြားကြီးကိုယူပြီး ကာတွန်းကား တွေကို ကြည့်ကြပါတယ်။ အဲဒီအချိန် သမီးက သမီးအခန်းငယ်လေးထဲမှာပါ။ ကလေးတွေ ကာတွန်းကားကြည့်နေကြရင် သမီးက သမီးအိပ်နေတဲ့ နေရာကနေ အသာလေးထွက်ပြီး ကလေးတွေနောက်က ရပ်ပြီး သူတို့နဲ့အတူ ခိုးကြည့်ပါတယ်။ သမီး အဲဒီလို နောက်ကနေခိုးကြည့်နေတာ လူကြီးတွေကမိရင်တော့ သမီးကို ဆူကြပါတယ်။ ကလေးတွေဆီ အဖျားကူးမှာစိုးလို့ ဆူကြတာပါ။ နောက်တော့ ကလေးတွေကို တီတီကြီးအခန်းထဲကို လုံးဝမဝင်ခိုင်းကြတော့ပါဘူး။ ကလေးလေး တွေကလည်း ဒီအခန်းထဲမှာ သမီးရှိနေတယ်ဆိုတာသိနေတော့ လူကြီးတွေ လစ်တာနဲ့ သမီးအခန်းထဲခိုးဝင်လာပြီး သမီးကို လူထူးဆန်းလို လာပြီးချောင်းကြည့် ကြတာပါ။

၃ ရက်လောက် ဒီအခန်းထဲမှာအောင်းပြီး နေခဲ့ရတော့ သမီး အခန်း ထဲမှာ မနေချင်တော့ပါဘူး။ သူတို့က ဆေးနဲ့ စားစရာတွေကိုလည်း အခန်းထဲထိ လာသွင်းပေးထားကြပါတယ်။ သမီးလည်း အခန်းထဲမှာ ကြာရှည်မနေနိုင်တော့ ပါဘူး။ ပျင်းလာပါတယ်။ ပျင်းလာတော့ အခန်းကျယ်ကြီးထဲမှာ အကုန်လိုက်မွှေပြီး ဆော့ပါတော့တယ်။ တီတီကြီးအခန်းထဲက တွေ့တဲ့မုန့်တွေကို ခိုးစားပါတယ်။ အချိုရည်တွေ ခိုးသောက်ပါတယ်။ ကလေးတွေပြေးဝင်လာကြရင်လည်း သူတို့ ဆီကမုန့်တွေကို တောင်းပြီးစားပါတယ်။ လူကြီးတွေနဲ့ မတွေ့မိအောင်လည်း ရှောင်ရပါတယ်။ သမီး ကလေးတွေနဲ့ဆော့နေတာ လူကြီးတွေမိရင်တော့ သမီး အဆူခံရပြီး ကလေးတွေကို ဆွဲထုတ်သွားကြပါတယ်။ တီတီကြီးက အလုပ်ကိစ္စနဲ့ အပြင်သွားနေတာဆိုတော့ သမီးစားဖို့ သောက်ဖို့အတွက် အခန်းထဲမှာ အကုန် ထည့်ထားခဲ့တာပါ။ "အခန်းအပြင် လုံးဝမထွက်နဲ့၊ အိမ်သာတက်ချင်ရင် အထဲက အိမ်သာမှာပဲတက်"လို့ မှာထားလို့ သူ့ဘိုထိုင်အိမ်သာမှာပဲ တက်ရပါတယ်။

ဒါပေမဲ့ သူပြန်လာရင် သမီး အိမ်သာတက်ထားတာ ညစ်ပတ်လို့ဆိုပြီး သူကိုယ်တိုင် အိမ်သာကို ပိုးသတ်ဆေးတွေနဲ့ မကြာခဏဆေးနေတာကိုတော့ မြင်နေရပါတယ်။ သမီးမေ့နေလို့ သူတို့ဆီမခေါ်ခင်က သမီးကို သွေးစစ်ကြည့်ကြ

mgyoe.com

mgyoe.com
SAMPLE BOOK

ပါသေးတယ်။ သမီးမှာ ဘာပိုးမှမရှိကြောင်း အဖြေထွက်မှသာ အတူနေမွေးစားဖို့ ခေါ်ကြတာ သမီးခန္ဓာကိုယ်ကလည်း သူတို့မိသားစုနဲ့မတူဘဲ အရမ်းနံနေတယ်လို့ ပြောကြပါတယ်။ ဟုတ်တော့ဟုတ်တယ်၊ သမီးရဲ့ချိုင်းကလည်း အရမ်းနံတယ်၊ သမီးခန္ဓာကိုယ်က ချွေးတွေကလည်း နံနေတတ်တယ်။ သမီးဝမ်းထဲမှာ အပူအပုပ်တွေရှိလို့ အဲဒီလို နံတဲ့အနံ့တွေရှိတာလို့ တီတီကြီးက ပြောပါတယ်။ ပြီးတော့ သမီးကို ညတိုင်း အပူအပုပ်ကျဆေးတွေတိုက်ပါတော့တယ်။ ဆေးတွေသောက်ပြီး သမီးအိမ်သာသွားရင် အိမ်သာတစ်ခုလုံး အရမ်းနံနေပါတော့တယ်။ အဲဒီလို နံလွန်းလို့ အနံ့ထုတ်တဲ့စက်ကို တစ်နေကုန် ဖွင့်ထားတာတွေ့ရပါတယ်။ သမီးက တစ်နေကုန်ဖွင့်ထားတာမို့ ပိတ်မယ်လုပ်ရင် ''မပိတ်နဲ့ဖွင့်ထား'' လို့လည်း တီတီကြီးက ပြောပါတယ်။

သမီးကို သနားလို့သာ ခေါ်မွေးတာဖြစ်ကြောင်း၊ သမီးတို့ဘဝနဲ့ သူတို့ဘဝတွေက မတူကြောင်း၊ သမီးအကျင့်စရိုက်တွေကို ပြုပြင်ပေးရမှာဖြစ်ကြောင်း ညတိုင်း တီတီကြီးက ပြောဆိုဆုံးမပါတယ်။ သမီး နေမကောင်းတဲ့ရက်တွေမှာ သမီးဝတ်ထားတဲ့အဝတ်တွေကို ဒီအိမ်မှာရှိတဲ့ အဝတ်တွေကိုလျှော်တဲ့သူက လျှော်ပေးပါတယ်။ အိမ်မှာတုန်းက အငယ်တွေအားလုံးရဲ့ အဝတ်အစားတွေအပြင် တစ်ခါတလေ အဒေါ်တွေရဲ့ အဝတ်အစားတွေကိုပါ သမီးပဲလျှော်ရပါတယ်။ ခုတော့ သမီးဘဝကြီး ချက်ချင်းဆိုသလို ရုတ်တရက်ပြောင်းလဲသွားတာကို ကြုံတွေ့လိုက်ရပါတယ်။

နောက် ၃ ရက်လောက်မှာ သမီးအဖျားပျောက်တာနဲ့ တီတီကြီးက သူကိုယ်တိုင် သူ့အခန်းထဲက ရေချိုးခန်းထဲမှာပဲ ရေချိုးပေးပါတယ်။ ခပ်မြန်မြန်လေး ချိုးရတာပါ။ သမီးတစ်ကိုယ်လုံးကို အဝတ်တွေချွတ်ချပြီး ကိုယ်လုံးတီးနဲ့ ခေါင်းကအစ ခြေအဆုံး သူကိုယ်တိုင် ဆပ်ပြာရည်တွေမွှမ်းနေအောင် တိုက်ပြီး ကြေးတွေပါ ချွတ်ပေးတာပါ။ သမီးကို ရေချိုးပေးရင်း –

''မမိုး၊ သမီးတို့က အတိတ်ဘဝက အကုသိုလ်ကံတွေများနေတော့ ခုဘဝမှာ ငယ်ငယ်လေးတွေနဲ့ မိဘတွေပစ်တာခံရတယ်၊ ဟော အခု မောင်နှမတွေ တကွဲတပြားစီ နေကြရပြန်တယ်။ လူတွေကလည်း မိမိုးကို မချစ်ကြဘူး၊ ချစ်မွေးက မပါရှာဘူး၊ သနားလို့သာ ပေးနေကြ၊ ကမ်းနေကြတာ။ အခု အတိတ်ဘဝက

mgyoe.com

mgyoe.com
SAMPLE BOOK

ကုသိုလ်ကံအကျိုးပေးလေးတစ်ခုကြောင့် ဒီအိမ်ကို ရောက်လာပြန်ပြီ၊ ဒီကုသိုလ်ကံ အကျိုးဆက်ကို ကြာရှည်ခံချင်ရင် သမီးရဲ့ မကောင်းတဲ့အပြုအမူတွေနဲ့ အကျင့် စရိုက်တွေကို ပြင်လိုက်ပါ၊ စိတ်ကောင်းမွေးပါ၊ ကြားရဲ့လား''လို့ ပြောဆိုရင်း ရေချိုးပေးပါတယ်။ သူပြောသမျှကို သမီးက ခေါင်းညိတ်ပြလိုက်တယ်။ ရေချိုး ပြီးတော့ သမီးမှာ တော်တော်လေး သန့်ပြန့်သွားပါတော့တယ်။

ဒီလိုနဲ့ သမီး တီတီကြီးတို့အိမ်မှာ ၇ ရက်လောက်နေပြီးတဲ့အချိန်မှာ တီတီကြီးရဲ့အမျိုးသား (ဘဘ) ဦးမျိုးထက်က တာဝန်ကျရာဒေသကနေ အိမ်ကို ခဏပြန်လာပါတယ်။ အလုပ်က ရက်ရှည်ပိတ်မှာမို့ သူ့မိန်းမကိုလာခေါ်ကြောင်း၊ ဘဘပြန်တဲ့အချိန်မှာ တီတီကြီးက ဘဘနောက်လိုက်သွားမှာမို့ သမီးပါ တီတီကြီး တို့နဲ့အတူ ဘဘတာဝန်ကျတဲ့ မြို့ကိုလိုက်ရမှာဖြစ်ကြောင်း သိရပါတယ်။ ရုံးတွေ၊ အလုပ်တွေ ကိုဗစ်ကာလ ပိတ်ရက်ရှည်ပိတ်ချိန်မှာ ဘဘတာဝန်ကျတဲ့မြို့မှာပဲ နေကြမှာမို့ သမီးကို သူတို့လင်မယားနဲ့အတူခေါ်သွားဖို့ အစကတည်းက စီစဉ် ထားပြီးဖြစ်ကြောင်းကိုလည်း သိလိုက်ရပါတော့တယ်။ ဒီတော့ သမီးလည်း သွားလာဖို့အတွက် အထုပ်ပြင်ဆင်ရပါတော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၄

ဦးမျိုးထက်၊ ဒေါ်မေအောင်နဲ့ မိမိုးတို့သုံးယောက် မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့မှာရှိတဲ့ သူတို့နေအိမ်ကနေ ဦးမျိုးထက်တာဝန်ကျတဲ့ မြန်မာပြည် တောင်ဖျားပိုင်း ပင်လယ်ကျွန်းမြို့တစ်မြို့ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ စတင်ခရီးထွက်ခဲ့ကြပါတယ်။ ကားပေါ်မှာလည်း အအေးမျိုးစုံ၊ မုန့်မျိုးစုံနဲ့ သောက်ရေသန့် စားစရာ အပြည့်အစုံဝယ်ပြီး ယူခဲ့ကြပါတယ်။ အချိန်ကာလက ကိုဗစ်ရာသီဖြစ်တာကြောင့် လမ်းတစ်လျှောက် စားသောက်ဆိုင်တွေ ပိတ်ထားတာ မို့လို့ အလွယ်တကူ ဝယ်စားလို့မရတာကြောင့် ဖြစ်ပါတယ်။ မိမိုးမှာတော့ စိတ်ကြိုက်စားသောက်ပြီး အိပ်လိုက်၊ စားလိုက်နဲ့ ကားနောက်ခန်း အကျယ်ကြီးကို တစ်ယောက်တည်း စိတ်ကြိုက်စီးပြီး လိုက်ပါလာခဲ့ပါတယ်။ မိမိုးဘဝမှာ သူတို့ နေအိမ်ကလွဲပြီး ဘယ်ကိုမှ ခရီးမသွားခဲ့ဖူးပါဘူး။ ခုလို ကားစီးပြီး အဝေးပြေး လမ်းမကြီးပေါ်မှာ အကြာကြီးသွားရတယ်ဆိုတော့ သူ့ဘဝအတွက် အသစ် အဆန်းလို ဖြစ်နေပါတယ်။ ခရီးထွက်ရမယ်ဆိုတော့ မိမိုးမှာ ဝတ်စရာ အဝတ် အစားက ကောင်းတာမရှိ။ ဝယ်ရအောင်လည်း အဲဒီအချိန်က ဆိုင်တွေမဖွင့် ကြတော့ ဝယ်လို့ကလည်းမရ။ အဲဒီတော့ ဒေါ်မေအောင်က သူ့တူမတွေဆီက မိမိုးဆိုဒ်နဲ့တော်မယ့် တီရှပ်လေးတွေ၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်လေးတွေကို တောင်းယူပြီး ပေးဝတ်ခဲ့ပါတယ်။

မိမိုးရဲ့ အဝတ်အစားထည့်ဖို့အိတ်ကိုတော့ ဒေါ်မေအောင်ရဲ့ညီမငယ် ခရီးသွားရင်ထည့်တဲ့ အိတ်လေးကို တောင်းယူပြီး ထည့်ပေးလိုက်လို့ အဆင်ပြေ သွားတယ်။ မိမိုးဖိနပ်မှာ ကြက်ပေါင်ဖိနပ်၊ အမြီးကတိုနေလို့ သွားခါနီးမှ ဖိနပ် အသစ်တစ်ရန် ပြေးဝယ်ဆင်ပေးခဲ့ရပါတယ်။ ခရီးက တအားဝေးတော့ မိမိုးမှာ ကားပေါ်မှာ အိပ်လိုက်၊ ထိုင်လိုက်နဲ့ သူအဆင်ပြေသလို လိုက်ပါလာပါတယ်။ ဦးမျိုးထက်တို့လင်မယားကလည်း စကားတပြောပြောနဲ့ ကားကို တစ်လှည့်စီ

mgyoe.com

mgyoe.com SAMPLE BOOK

မောင်းကြတာဖြစ်တယ်။ မိမိုးက ကားနောက်ခန်းမှာ ပလက်လှန်လှဲအိပ်ပြီး ဘယ်ဘက်ခြေထောက်ကို ခုံပေါ်မှာဆန့်ထားလျက် ညာဘက်ခြေထောက်ကို ဖင်ထိုင်ခုံနောက်မှီပေါ် လှမ်းတင်ထားလို့ မိမိုးရဲ့ပေါင်နှစ်ခြမ်းက ကားထားသလို ဖြစ်နေတယ်။

အဲဒီတုန်းက ကားကို ဦးမျိုးထက်က မောင်းတာဖြစ်ပြီး ကားက ညာမောင်းဖြစ်တာကြောင့် မိမိုးဦးခေါင်းက ဒေါ်မေအောင်ဘက်မှာရှိပြီး ခြေထောက်နှစ်ချောင်းက ဦးမျိုးထက်ဘက်မှာ ရှိနေပါတယ်။ အဲဒီအခြေအနေကို ရှေ့ခန်းမှာ ထိုင်နေတဲ့ ဒေါ်မေအောင်က နောက်ကိုလှည့်ကြည့်တော့ မြင်လိုက်ပါတယ်။ ဒေါ်မေအောင်က မိမိုးရဲ့ အမြင်မတော်နေထိုင်တဲ့ပုံကို လှမ်းပြောမယ်လုပ်တုန်း သူ့ယောက်ျားကြားသွားရင် မိမိုးကို ငြိုငြင်မှာစိုးလို့ နောက်ကိုလှည့်ပြီး မိမိုးကို မျက်လုံးချင်းဆုံအောင်ကြည့်ပြီး ဖင်ထိုင်ခုံနောက်မှီမှာ တင်ထားတဲ့ခြေထောက်ကို အောက်ချဖို့ မျက်လုံးနဲ့ အချက်ပြလိုက်ပါတယ်။

မိမိုး ခြေထောက်ကို အောက်ချလိုက်ပေမဲ့လည်း ထမထိုင်ဘဲ ပက်လက်လှန်ပြီး ခြေကိုဆန့်လျက်သားအိပ်နေတော့တယ်။ ဒီပုံစံကလည်း မိန်းမချင်း အဆင်ပြေပေမဲ့လည်း ယောကျ်ားသားတွေရှေ့မှာ အမြင်မတင့်တယ်ပါဘူး။ ဒီတော့ ဒေါ်မေ အောင်က ''မိမိုး ဘေးတစ်စောင်းအိပ်သမီး၊ အဲဒီလိုအိပ်ရင် ကားမူးလိမ့်မယ်''လို့ ပြောရပြန်တယ်။ ဒီလိုနဲ့ ခရီးတစ်လျှောက်လုံး မိမိုး ကားနောက်ခန်းမှာ သူနေချင်သလိုနေ၊ စားချင်သလိုစားပြီး လုပ်ချင်တာတွေ လုပ်နေပါတော့တယ်။ အတော်လေးကြာတော့ အိပ်ရတာ ဝသွားပြီထင်ပါတယ်၊ မိမိုး ထထိုင်ပါတယ်။ ထိုင်ပုံကလည်း ရှေ့ခန်းမှာယာဉ်မောင်းနဲ့ ဘေးထိုင်သူတို့ နှစ်ဦးကြားနဲ့ တည့်တည့်ကျတဲ့နေရာမှာ နေရာယူထိုင်ပြီး ဒူးနှစ်ချောင်းထောင်၊ ခြေထောက်တွေကို ကားထားပြီး ထိုင်နေပြန်တယ်။

ဒီတစ်ခါမှာတော့ ဒေါ်မေအောင် မနေနိုင်တော့ပါ။ နောက်ကိုလှည့်ပြီး ''သမီး မိန်းကလေးဆိုတာ အဲဒီလိုမထိုင်ရဘူး။ သမီးက မောင်နှမတွေထဲမှာ အကြီးဆုံး။ အဲဒီလို အချိုးမပြေတဲ့ပုံတွေ လုပ်နေလို့မရဘူး။ ဒီပုံစံအတိုင်းသာ နေမယ်ဆိုရင် နင့်အောက်က ညီမတွေကို နင် ဘယ်လိုလုပ် ဦးဆောင်မလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလို ဒူးထောင်ပေါင်ကားတွေ မနေရဘူး''လို့ ပြောလိုက်တော့ မိမိုးက မကြားသလိုလုပ်နေလို့ ''ခြေထောက်ကို အောက်ချ၊ ပေါင်စေ့ပြီးထိုင်''လို့ အမိန့်ပေးရလေတော့တယ်။ ဦးမျိုးထက်က ကားမောင်းနေရင်း ''မင်းတော့ ဒီကရွေ့ အမြင်မတော်တာတွေ ပြောပေတော့ မိန်းမရေ''တဲ့။ ''မတတ်နိုင်ဘူး၊ ခုတော့လည်း ပြောရဆိုရတော့မှာပေါ့၊ ကိုယ်ကစမိပြီကိုး''လို့ ဒေါ်မေအောင်က သူ့ယောက်ျားကို ပြန်ပြောပါတယ်။ အဲဒီနေ့ညနေ နေဝင်လာပြီဖြစ်လို့ ရောက်တဲ့မြို့မှာ ညအိပ်နားရတယ်။ နားရမယ့်မြို့က မော်လမြိုင်မြို့ဖြစ်ပြီး အဲဒီကာလက ကိုဗစ်ရောဂါတွေကြောင့် ဟိုတယ်တွေပိတ်ထားတဲ့အချိန် ဖြစ်ပါတယ်၊ ဦးမျိုးထက်ရဲ့မိတ်ဆွေက စီစဉ်ပေးတာကြောင့် ---- ဟိုတယ်မှာ ညအိပ်တည်းခွင့်ရခဲ့ပါတယ်။ ဟိုတယ်မှာ ညစာ စီစဉ်ပေးတဲ့အခါ မိမိုးမှာ တူ၊ ဇွန်းခက်ရင်း၊ ဓားကို အသုံးမပြုတတ်ပါဘူး။ ခုလို သန့်သန့်ရှင်းရှင်း စားတတ်တာတောင် ခရီးထွက်မလာခင်က သူတို့အိမ်မှာ ၇ ရက်တာ လေ့ကျင့်ပေးထားလို့ ဖြစ်ပါတယ်။ ဦးမျိုးထက်က ''အိမ်ရောက်ရင် နင့်သမီးကို တူ၊ ဇွန်းခက်ရင်း၊ ဓား သေချာကိုင်တတ်အောင် သင်ပေးထားအုံး''လို့ ပြောပါတယ်။ ဒေါ်မေအောင်က ''ချက်ချင်းကြီးတော့ ဘယ်အဆင်ပြေပါ့မလဲလေ။ တဖြည်းဖြည်းချင်း အချိန်ယူပြီး ပြုပြင်ပေးရတော့မှာပေါ့။ နောက်အဆင်ပြေသွားမှာပါ''လို့ ပြန်ပြောလိုက်ပါတယ်။

သူတို့နဲ့နေရဖို့အတွက် မိမိုး သူ့ကိုယ်သူ ဒီလောက်အထိ ပြုပြင်နေထိုင်ပေးဖို့ လိုအပ်လားဆိုတဲ့အတွေးမျိုးနဲ့ နားမလည်နိုင်စွာပဲ ဦးမျိုးထက်တို့ လင်မယားနှစ်ယောက် စကားပြောနေကြတာကို တစ်လှည့်စီ ကြည့်နေမိပါတော့တယ်။ စိတ်ထဲမှာလည်း သူ့ပတ်ဝန်းကျင်မှာ သူသိထားသလောက်နဲ့ လောကကြီးက မပြီးသေးပါလားလို့လည်း သူ ဉာဏ်မီသလောက် စဉ်းစားကြည့်နေလိုက်တယ်။ နောက်တစ်နေ့နံနက်မှာ ခရီးဆက်ကြပါတယ်။ ခရီးက နှစ်ရက်နီးပါးသွားရပြီး တာဝန်ကျတဲ့မြို့ကိုရောက်ချိန်ကတော့ ညနေပိုင်း ဖြစ်ပါတယ်။ ဦးမျိုးထက်တို့မှာ အစိုးရဝန်ထမ်းတွေနေကြတဲ့ အရာရှိရိပ်သာတိုက်ခန်းတွေမှာ နေထိုင်ကြတာဖြစ်ပါတယ်။ သူတို့ရောက်ချိန်မှာ ဦးမျိုးထက်ရဲ့တပည့် ဦးဝင်းက စောင့်ကြိုနေပြီး ပစ္စည်းတွေ ကူသယ်ပေးပါတယ်။ သူတို့အခန်းက ဒုတိယထပ်မှာဖြစ်လို့ အပေါ်ကို တက်ကြရပါသေးတယ်။

mgyoe.com